# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၃၃)၊ ၁၃၈၆ ခုနှစ် ၊ တန်ခူးလဆန်း ၁၄ ရက် ၊ ၁၁-၄-၂၀၂၅၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ဟိုတယ်အောင်ပန်းတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့စဉ် အောင်ပန်းမြို့အတွင်း ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများနှင့် ကလောမြို့သာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး၊ လိုအပ်သည်များ လမ်းညွှန်မှာကြား

နေပြည်တော် ဧပြီ ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့စဉ် အောင်ပန်းမြို့အတွင်း ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများနှင့် ကလောမြို့သာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ယနေ့ မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ဟိုတယ်အောင်ပန်းသို့ ရောက်ရှိကြပြီး ဟိုတယ်အောင်ပန်းတွင် ကူညီကယ်ဆယ်ရေးလုပ်ဆောင်မှုများ ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြား၍ ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်နေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များ၏ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ် လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စာမျက်နှာ ၅ သို့ ✳

**တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်**

နေပြည်တော် ဧပြီ ၁၀

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၅ ခုနှစ်၊ ဧပြီ ၁၁ ရက်၊ သောကြာနေ့။

## စက်မှုလုပ်ငန်းများနှင့် MSME လုပ်ငန်းများ အမြန်ဆုံး ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

စက်မှုဝန်ကြီးဌာနအနေဖြင့် စက်မှုဇုန်များ ငလျင်ဒဏ်ကြောင့် ပကတိအခြေအနေမှန်များသိရှိပြီး လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိသည်။

အင်အားပြင်းငလျင်ဒဏ်ကြောင့် စက်မှုဇုန်အတွင်း လူ၊ စက်ရုံ၊ အဆောက်အအုံများ ထိခိုက်ပျက်စီးဆုံးရှုံးမှု အခြေအနေများကို သိရှိနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ သို့မှသာ စက်မှုလုပ်ငန်းများနှင့် MSME လုပ်ငန်းများ အမြန်ဆုံး ပြန်လည် လည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်ပေးရမည့် လုပ်ငန်းများကို တတ်စွမ်းသရွေ့ ကူညီဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့တွေ့ကြုံနေရသည့် အခက်အခဲများကို ရင်းနှီးပွင့်လင်းစွာ တင်ပြပေးစေလိုကြောင်း၊ စက်ရုံပျက်စီးဆုံးရှုံးမှုများအပေါ် မူတည်၍ ချေးငွေများရရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုဖြစ်ပွားသည့် ငလျင်လှုပ်ခတ်မှုကို နမူနာယူ၍ စက်ရုံအလုပ်ရုံများ ပြန်လည်ပြုပြင်ခြင်း၊ အသစ်ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ အချို့စက်ရုံများ၏ စက်ပစ္စည်းများနှင့် ယန္တရားများမှာ ကြီးမားလေးလံသည့် ပစ္စည်းများ ဖြစ်သည့်အတွက် လုပ်သားဝန်ထမ်းများ အန္တရာယ်မဖြစ်စေရေး အထူးဂရုပြုပြီး ဆောင်ရွက်ကြစေလိုကြောင်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ဧပြီ ၇ ရက် မွန်းလွဲပိုင်းတွင် မန္တလေးစက်မှုဇုန်အတွင်းရှိ ဇလပ်ဝါဘီစကစ်စက်ရုံသို့ ရောက်ရှိပြီး စက်မှုလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်က အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့်ပတ်သက်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ထိခိုက်ပျက်စီးမှုများကို ရှင်းလင်းဖယ်ရှားခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို အဆင့်လိုက် ဆောင်ရွက်လျက်ရှိကြောင်း၊ စက်မှုဇုန်အတွင်း ထိခိုက်ပျက်စီးမှုများအတွက် လိုအပ်သည်များကို တတ်စွမ်းသရွေ့ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဧပြီ ၉ ရက်နံနက်ပိုင်းတွင် စစ်ကိုင်းစက်မှုဇုန်ခန်းမ၌ လုပ်ငန်းရှင်များနှင့် တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက စက်မှုဇုန်များ၏ ပကတိအခြေအနေမှန်များနှင့် လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပံ့ပိုးပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ငလျင်ကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုအခြေအနေများကို စာရင်းပြုစုထားရှိပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဆင့်လိုက် ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စက်မှုလုပ်ငန်းများနှင့် MSME လုပ်ငန်းများ အမြန်ဆုံး ပြန်လည်လည်ပတ်နိုင်ရေး၊ စက်မှုဇုန်၊ စက်ရုံများအလိုက် သဘာဝဘေးအန္တရာယ်များ၊ အရေးပေါ်အခြေအနေများ ဖြစ်ပေါ်လာပါက ဝန်ထမ်းတစ်ဦးချင်းအလိုက် လိုက်နာဆောင်ရွက်ရမည့် အစီအမံများကို ကြိုတင်ဇာတ်တိုက်လေ့ကျင့်သွားကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး ချမ်းမြသာစည်မြို့နယ် မြနန္ဒာဝန်ထမ်းအိမ်ရာ၌ လာရောက်ကြည့်ရှုစစ်ဆေး



မန္တလေး ဧပြီ ၁၀

ချမ်းမြသာစည်မြို့နယ် မြနန္ဒာဝန်ထမ်းအိမ်ရာ၌ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီး လှုပ်ခတ်မှုကြောင့် ပျက်စီးသွားသော အဆောက်အအုံများအား လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးနှင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းလှိုင်တို့ ယနေ့မွန်းလွဲပိုင်းက လာရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ မြနန္ဒာဝန်ထမ်းအိမ်ရာသို့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးနှင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းလှိုင်တို့က မန္တလေးမြေငလျင်ကြီး လှုပ်ခတ်မှုကြောင့် ပျက်စီးသွားသော အဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး မြနန္ဒာဝန်ထမ်းအိမ်ရာတွင် နေထိုင်သော ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အားပေးစကားများ ပြောကြားခဲ့ပြီး မြနန္ဒာဝန်ထမ်းအိမ်ရာ ဦးစီးမှူးနှင့်တာဝန်ရှိသူများအား ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၅၆)

ဝ-ဝ-ဝ-ဝ-ဝ

## ငလျင်ဒဏ်သင့်ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ



မန္တလေး ဧပြီ ၁၀

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ၇၇လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ဟေမာဇလရပ်ကွက်နှင့် ချမ်းမြသာစည်မြို့နယ် ၈၂လမ်း၊ ထီးတန်းပဲတန်းလမ်း၊ တမ္ပဝတီရပ်ကွက်၊ မုခ်ဦးတန်းဓမ္မာရုံအနီးတွင်တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချပေးမည့်အစီအစဉ်ကို ဧပြီ ၁၁ ရက်တွင် မဟာအောင်မြေမြို့နယ် ၉၁လမ်း၊ ၃၇လမ်းနှင့် ၃၈လမ်းကြား၊ စိန်ပန်းရပ်ကွက်နှင့် ချမ်းအေးသာစံမြို့နယ်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတွင်လည်းကောင်း၊ ဧပြီ ၁၂ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ၁၉လမ်း၊ ၈၉လမ်းနှင့် လမ်း၉၀ကြား၊ အကွက်အမှတ်(၁၀၀)၊ မင်းတဲအီကင်းရပ်ကွက်ရုံးရှေ့နှင့် ပြည်ကြီးတံခွန်မြို့နယ်၊ ၁၁၈လမ်း၊ ၇၂လမ်းနှင့် ၇၃လမ်းကြား၊ (ဂ)ရပ်ကွက်တွင်လည်းကောင်း၊ ဧပြီ ၁၃ ရက်တွင် ချမ်းအေးသာစံမြို့နယ် ၇၂လမ်း၊ လမ်း၃၀နှင့် ၃၁လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်နှင့် အမရပူရမြို့နယ်၊ လေးစုရပ်ကွက်မွှာရုံ၊ အထက(၁)ကျောင်းအနောက်ဘက်၊ လေးစုလမ်း၊ လေးစုရပ်ကွက်တွင်လည်းကောင်း ရောင်းချပေးသွားမည် ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ ငလျင်ဘေးသင့်ပြည်သူများအတွက် လူသုံးကုန်ပစ္စည်းများနှင့် အလှူငွေ ကျပ်သိန်း(၅၀၀) လှူဒါန်း



မန္တလေး ဧပြီ ၁၀

မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)မှ ငလျင်ဘေးသင့်ပြည်သူများအတွက် လူသုံးကုန်ပစ္စည်းများနှင့်အလှူငွေ ကျပ်သိန်း ၅၀၀ ကို မန္တလေးမြို့ ၂၆လမ်းနှင့် ၇၅ လမ်းရှိ မန္တလေးတိုင်းဒေသကြီး တိုင်းဂီတအစည်းအရုံး ရုံးတွင် ပေးအပ်လှူဒါန်းခဲ့သည်။

ငလျင်ဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၃၀၀ တန်ဖိုးရှိသော လူသုံးကုန်ပစ္စည်းများနှင့် အလှူငွေ ကျပ်သိန်း ၅၀၀ ကို မန္တလေးတိုင်းဒေသကြီး ဂီတအစည်းအရုံးထံသို့ ပေးအပ်လှူဒါန်းခဲ့ပြီး အဆိုပါ အလှူငွေ ကျပ်သိန်း ၅၀၀ ထဲမှ ငွေကျပ်သိန်း ၁၀၀ ကို ငလျင်ဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ရန်အတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။ အဆိုပါ လူသုံးကုန်ပစ္စည်းများနှင့် အလှူငွေများအား ငလျင်ဒဏ်သင့်သည့် ဂီတသမားများနှင့် အိမ်ပြိုအိမ်ပျက်စီးသွားသည့် ပြည်သူများကို ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ယာပုံ)

(မန္တလေးနေ့စဉ်-၅)

ဝ-ဝ-ဝ-ဝ-ဝ


**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဟိုပုံးမြို့ရှိ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစည်းအဝေးခန်းမ၌ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံ၊ ငလျင်သဘာဝဘေးဒဏ်ဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးမှာကြား၊ ထိခိုက်ပျက်စီးမှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား တောင်ကြီးမြို့ မြို့တော်ခန်းမနှင့် ဟိုပုံးမြို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစည်းအဝေးခန်းမတို့၌ သီးခြားစီတွေ့ဆုံ၍ ငလျင်သဘာဝဘေးဒဏ်ဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဟိုပုံးမြို့ရှိ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစည်းအဝေးခန်းမ၌ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက နယ်မြေဒေသဆိုင်ရာများ၊ မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း မြို့နယ်များတွင် လူထိခိုက်ဒဏ်ရာရရှိမှု၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ လမ်း၊ တံတားများ၊ ဘုရားစေတီပုထိုးများ ထိခိုက်ပျက်စီးခဲ့ရမှု ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့်အခြေအနေများ၊ ဟိုပုံးမြို့ သီရိမင်္ဂလာ ရွှေချမ်းသာမွေတော်ဘုရားကြီး ပရိဝုဏ်အတွင်းရှိ စေတီများနှင့် သာသနိက အဆောက်အအုံများတွင် ထိခိုက်ပျက်စီးခဲ့ရမှုများအား ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

## မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများနှင့် သဘာဝဘေးဒဏ်တုံ့ပြန် ဆောင်ရွက်နိုင်မည့် အခြေအနေများ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ငလျင် သဘာဝဘေးဒဏ်ဆိုင်ရာများ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့စဉ် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့၌ ထိခိုက်ပျက်စီးခဲ့မှုများအား ကြည့်ရှုစစ်ဆေးရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည်များ မှာကြားနိုင်ရေးအတွက် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ထိခိုက်မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ယနေ့နံနက်ပိုင်းအထိ ထိခိုက်သေဆုံးခဲ့ရသူ ၃၆၄၉ ဦး၊ ဒဏ်ရာရရှိခဲ့ရသူ ၅၀၁၈ ဦးနှင့် ပျောက်ဆုံးနေသူ ၁၄၅ ဦးရှိသည်ဟု သိရှိရကြောင်း၊ ငလျင်ဘေးဒဏ်ကြောင့် သေဆုံးခဲ့ရသူများအား တစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ အခြားထိခိုက်ပျက်စီးမှုများအနေဖြင့် နေအိမ် စုစုပေါင်း ခြောက်သောင်းကျော် ပျက်စီးဆုံးရှုံးခြင်း၊ စာသင်ကျောင်းပေါင်း ၂၃၆၆ ကျောင်း ပျက်စီးဆုံးရှုံးခြင်း၊ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်စာသင်တိုက်ပေါင်း ၃၅၁၄ ကျောင်း ပျက်စီးဆုံးရှုံးခြင်း၊ ဘုရားစေတီပေါင်း ၅၆၂၀ ပျက်စီးဆုံးရှုံးခြင်းနှင့် ဆေးရုံဆေးခန်း ၂၉၁ ခုပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း။

ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် သင်ခန်းစာဖော်ထုတ်ရရှိခဲ့သည်မှာ အဆောက်အအုံများဆောက်လုပ်ရာတွင်အင်ဂျင်နီယာပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ စနစ်တကျဖြင့် သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ မဖြစ်မနေဆောင်ရွက်ကြရန် လိုအပ်သည်ကို သိရှိခဲ့ကြရကြောင်း၊ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည့် အဆောက်အအုံများကို စစ်ဆေးခဲ့ရာတွင် အင်ဂျင်နီယာပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ သတ်မှတ်ထားသည့်အတိုင်း ဆောက်လုပ်မှုမရှိခဲ့ခြင်းနှင့် ဆောက်လုပ်ရေးပိုင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် မညီညွတ်ဘဲ ဆောက်လုပ်ထားသည်ကို စိစစ်တွေ့ရှိခဲ့ရကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းကြောင့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ချိန်တွင် အသက်ပေါင်းများစွာ ပေးဆပ်ရခြင်းဖြစ်ပြီး ပေးဆပ်မှုအလွန်ကြီးမားခဲ့ရကြောင်း။

မိမိတို့အနေဖြင့် ငလျင်ဒဏ်ကြောင့် ပိတ်မိနေရသူများအား ကယ်ဆယ်ရေးလုပ်ငန်းများကို ခက်ခဲစွာဖြင့် ဆောင်ရွက်ခဲ့ကြရခြင်းဖြစ်ကြောင်း၊ ပြည်ပမှ ကူညီကယ်ဆယ်ရေးအဖွဲ့များအနေဖြင့်လည်း အင်တိုက်အားတိုက်ဖြင့် ကူညီဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်ကြောင်း၊ ငလျင်လှုပ်ပြီးလျှင်ပြီးချင်း တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ပေးခဲ့သကဲ့သို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များကလည်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးကြကြောင်း၊ အလှူရှင်များအနေဖြင့်လည်း ပြည်သူများအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကြသကဲ့သို့ ငလျင်ဒဏ်သင့်ခဲ့ရသည့်ဒေသများသို့ သွားရောက်၍ လှူဒါန်းမှုများရှိကြသည်ကိုလည်း ဝမ်းမြောက်ဖွယ်တွေ့ရကြောင်း၊

စာမျက်နှာ ၄ သို့ ☆





နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟိုပုံးမြို့ရှိ ဟိုပုံးရေထွက်ကြီး၌ ရေထွက်နှင့် ရေကန် ပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

☆ စာမျက်နှာ ၃ မှ

အခက်အခဲများ ဖြစ်ပေါ်ချိန်တွင် အချင်းချင်း ကူညီဆောင်ရွက်ပေးမှုများသည် ကောင်းမွန်သည့်စိတ်ဓာတ်များပင် ဖြစ်ကြောင်း။

လမ်းပန်း ဆက်သွယ်ရေးနှင့် ပတ်သက်၍ အချို့ရထားလမ်း၊ မော်တော်ကားလမ်းများ၊ ဘူတာရုံများ၊ တံတားများ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ လမ်းပန်းဆက်သွယ်မှုများ အမြန်ဆုံး ပြန်လည် ကောင်းမွန်ရေးအတွက် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ ထိခိုက်ပျက်စီးခဲ့သည့် စာသင်ကျောင်းများ ကျောင်းဖွင့်ချိန်အမီ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ငလျင်ဘေးဒဏ်သင့်သည့်ဒေသများမှပြည်သူများ မိုးရာသီမရောက်မီ အမိုးအကာအောက်၌ လုံခြုံစွာနေထိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်စွမ်းအား မြှင့်တင်ရေး**

ဘုန်းတော်ကြီးကျောင်းများ၊ စာသင်တိုက်များ ဆောက်လုပ်ရာတွင်လည်း စနစ်တကျဆောက်လုပ်ရန်လိုအပ်ကြောင်း၊ အဆောက်အအုံများ တည်ဆောက်ခြင်းနှင့် ပတ်သက်၍လည်း သတ်မှတ်ချက်များနှင့် အညီ တည်ဆောက်မှုများရှိစေရေး အသိပညာပေးမှုများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့သာယာလှပရေးတွင် ရေရရှိရေးသည် မဖြစ်မနေ လိုအပ်သည်ဖြစ်သည့်အတွက် သောက်သုံးရေလုံလောက်စွာရရှိရေး၊ ရေဝေရေလဲသစ်တောများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း။

အစားအသောက်နှင့် ပတ်သက်၍ မိမိတို့ဒေသတွင်း၌အခြေခံစားကုန်များကို လုံလောက်စွာ ထုတ်လုပ်ပေးနိုင်ရန်လိုကြောင်း၊ ယခု ငလျင်သဘာဝဘေးဖြစ်ပေါ်ခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအား ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်သွားရန်အတွက် နိုင်ငံတော်အနေဖြင့် ငွေကြေးမြောက်မြားစွာလိုအပ်မည်ဖြစ်ကြောင်း၊ ထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်မှသာ ပို့ကုန်တိုးမြှင့်လာမည်ဖြစ်ပြီး နိုင်ငံခြားဝင်ငွေများလည်း ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ပြီး ပြည်ပပို့ကုန် တိုးမြှင့်ရရှိနိုင်ရန်လိုကြောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့အနေဖြင့်လည်း မိမိတို့ဒေသတွင် ဖြစ်ထွန်းသည့် စိုက်ပျိုးရေးထုတ်ကုန်များ တိုးမြှင့်ရရှိရေး၊ သီးထပ်စွမ်းအားများ မြှင့်တင်ရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်အတူ မွေးမြူရေးလုပ်ငန်းများကိုလည်း ဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်သွားရန်လိုပြီး ပို့ကုန်တိုးမြှင့်ရရှိရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

ယခုကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသား ကျောင်းသူများ အားလပ်ချိန်ကို အကျိုးရှိအောင်အသုံးချနိုင်ရေး စီမံဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာရေးဆုံးခန်းမတိုင်ခဲ့ရသူများ များစွာရှိပြီး ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ပအိုဝ်းဒေသ၌လည်း စာရင်းများကောက်ယူ၍ ကျောင်းပြင်ပပညာရေးဖြစ်သည့် စာဖတ်ဝိုင်းများ၊ စာကြည့်တိုက်များ၊ အသိပညာပေးခြင်းများ၊ ရက်တိုသင်တန်း ပို့ချပေးခြင်းများကို ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းအားဖြင့် ၎င်းတို့၏ လူမှုစီးပွားဘဝနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အသိအမြင်များ တိုးပွားလာစေနိုင်မည် ဖြစ်ကြောင်း၊ လာမည့်ပညာသင်နှစ်တွင် ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ရာနှုန်းပြည့် ကျောင်းတက်စေရေး စည်းရုံးဆောင်ရွက်သွားရန်နှင့် ကျောင်းနေသူများ တန်းစဉ်ကူးပြောင်းမှုရာခိုင်နှုန်းမြင့်မားရန် လိုကြောင်း၊ “အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက” ဆိုသည့်အတိုင်း ကျောင်းတက်ရောက်နေစဉ် ကာလအတွင်း ဆရာ ဆရာမများနှင့် မိဘများ၏ သွန်သင်ဆုံးမပေးမှုများကြောင့် လိမ္မာရေးခြားရှိသည့်လူငယ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ သားသမီးများ၏ ပညာရည်မြင့်မားရေးအတွက် အားလုံးက စိတ်ဝင်တစားဖြင့် ဆောင်ရွက်ပေးကြစေလိုကြောင်းနှင့် ပညာသင်ကြားရေးနှင့် ပတ်သက်၍ ယခုထက်ပိုမိုတိုးတက်အောင် ဝိုင်းဝန်း ဆောင်ရွက်ပေးကြစေလိုကြောင်း။

ကျန်းမာရေးနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်လျော်ညီသည့် နေထိုင်စားသောက်မှုရှိရမည်ဖြစ်ကြောင်း၊ မိမိနှင့် မိမိ မိသားစုအတွက် မည်သို့မျှအကျိုးမရှိသည့် ဆေးလိပ်၊ အရက်၊ ကွမ်း သုံးစွဲခြင်းများကို ရှောင်ကြဉ်ကြရန်လိုပြီး မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းဖြင့် နေထိုင်သွားကြရန်လိုကြောင်း၊ မိမိတို့ တစ်ဦးတစ်ယောက်ချင်းစီ၏ သွားလာနေထိုင်စားသောက်မှု မဆင်ခြင်ခြင်းများကြောင့် အချိန်မတိုင်မီ မလိုလားအပ်ဘဲ အသက်ဆုံးရှုံးရခြင်းများ မဖြစ်စေရေး ကျန်းမာရေးအသိပညာပေးခြင်းများကိုလည်း ဆောင်ရွက်ပေးသွားရန် လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟိုပုံးမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဟိုခိုကျောင်းဆရာတော် ဘဒ္ဒန္တ ဝိဇယအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

■ **ပြန်လည်ထူထောင်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် မူလထက် ပိုမိုကောင်းမွန်သည့် အဆောက်အအုံများ၊ လမ်းတံတားများ ဖြစ်လာရမည်၊ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်သည့်မြို့များကို ဖော်ဆောင်ပေးနိုင်ရမည်ဟု မူဝါဒချမှတ်၍ ဆောင်ရွက်လျက်ရှိ**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား ငလျင်သဘာဝဘေးဒဏ်ဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

ပြန်လည်ထူထောင်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်အနေဖြင့် မူလထက် ပိုမိုကောင်းမွန်သည့် အဆောက်အအုံများ၊ လမ်းတံတားများ ဖြစ်လာရမည်၊ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်သည့် မြို့များကို ဖော်ဆောင်ပေးနိုင်ရမည်ဟု မူဝါဒချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ မကြာမီကျရောက်တော့မည့် မြန်မာ့ရိုးရာအတာသင်္ကြန်နှင့်ပတ်သက်၍လည်း ယခုနှစ်အတာသင်္ကြန်ကာလကို မြန်မာရိုးရာအစဉ်အလာနှင့်အညီ အေးအေးချမ်းချမ်းဖြင့်သာ ဖြတ်သန်းကြစေလိုကြောင်း၊ လာမည့်ဒီဇင်ဘာလတွင် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့သို့ရောက်ရှိစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဟိုပုံးမြို့ရှိ ဟိုပုံးရေထွက်ကြီးသို့ ရောက်ရှိကြပြီး ရေထွက်နှင့် ရေကန် ပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်က ရေထွက်အား စနစ်တကျထိန်းသိမ်းသွားရန်လိုပြီး ရေကန်အတွင်းနှင့် ရေကန်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး စဉ်ဆက်မပြတ်ဆောင်ရွက်ရန်လိုကြောင်း၊ ရေထွက်ပတ်ဝန်းကျင် ဇရိယာအတွင်း သစ်ပင်သစ်တောများကို စနစ်တကျဖြင့် စာမျက်နှာ ၅ သို့ »»»

☆ **လမ်းပန်းဆက်သွယ်မှုများ အမြန်ဆုံးပြန်လည်ကောင်းမွန်ရေးအတွက် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိခိုက်ပျက်စီးခဲ့သည့်စာသင်ကျောင်းများ ကျောင်းဖွင့်ချိန်အမီ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိ**

☆ **ငလျင်ဘေးဒဏ်သင့်သည့်ဒေသများမှ ပြည်သူများ မိုးရာသီမရောက်မီ အမိုးအကာအောက်၌ လုံခြုံစွာနေထိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိ**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)၌ ငလျင်ဘေးဒဏ်ကြောင့် ပင်မသုံးထပ်စာသင်ဆောင် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

»»» စာမျက်နှာ ၄ မှ

ထိန်းသိမ်းသွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားကာ ရေကန်အား လှည့်လည်ကြည့်ရှုခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဟိုပုံးမြို့ကျက်သရေဆောင် သီရိမင်္ဂလာရွှေချမ်းသာမွေတော် ဘုရားကြီးသို့ရောက်ရှိပြီး ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ကာ ဘုရားကြီးအား ဖူးမြော်ကြည်ညိုသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဟိုပုံးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဟိုခိုကျောင်းဆရာတော် ဘဒ္ဒန္တဝိဇယအား ဖူးမြော်ကြည်ညို၍ ဘုရားကြီးပရိဝုဏ်အတွင်းရှိ ဘုရား၊ စေတီများ ထိခိုက်ပျက်စီးခဲ့မှုအား ပြန်လည်ပြင်ဆင်ရေး လုပ်ငန်းများကို မူလပုံစံမပျက်စေဘဲ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စနစ်တကျ ကျွမ်းကျင်ပညာရှင်များနှင့် မှန်းမံပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းလျှောက်ထားပြီး ဆရာတော်ကြီးများထံမှ သြဝါဒနာယူကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် ဘက်စုံအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘုရားကြီးပရိဝုဏ်အတွင်းရှိ စေတီများနှင့် သာသနိကအဆောက်အအုံများတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘုရားကြီး ဧည့်သည်တော်မှတ်တမ်းတွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး)သို့ ရောက်ရှိကြရာ ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ငလျင်ဘေးဒဏ်ကြောင့် ပင်မသုံးထပ်စာသင်ဆောင်နှင့် တောင်၊ မြောက် စာသင်ဆောင်များတွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့မှု၊ ကျောင်းသား ကျောင်းသူ အဆောင်များ၊ ဝန်ထမ်းအိမ်ရာများတွင် ထိခိုက်ပျက်စီးခဲ့ရမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပင်မသုံးထပ်စာသင်ဆောင်ကြီးသည် ပညာရှင်များ၏ စစ်ဆေးတွေ့ရှိချက်များအရ ထိခိုက်ပျက်စီးမှု များပြားခဲ့ပြီး အန္တရာယ်ရှိအဆောက်အအုံဖြစ်သဖြင့် စနစ်တကျဖြင့် ဖြိုဖျက်သွားရန် လိုကြောင်း၊ အသစ်ပြန်လည်တည်ဆောက်ရာတွင် အဆောက်အအုံ ကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုကိုဦးစားပေး၍ စနစ်တကျ တွက်ချက်တည်ဆောက်သွားရန် လိုကြောင်း၊ အခြားထိခိုက်ပျက်စီးခဲ့ရသည့် အဆောက်အအုံများကိုလည်း စနစ်တကျဖြင့် ပြန်လည်ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပအိုဝ်းအမျိုးသားဘက်စုံဖွံ့ဖြိုးရေးကွင်းရှိ အားကစားရုံ တည်ဆောက်ရန် လျာထားသည့်မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အောင်ချမ်းသာစာသင်တိုက်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနဟိတကာရီကျောင်းအား ကြည့်ရှုစစ်ဆေးစဉ်။

✳ ရှေ့ဖုံးမှ

ထို့နောက် အောင်ချမ်းသာစာသင်တိုက်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနဟိတကာရီကျောင်းအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကလောမြို့သို့ရောက်ရှိကြပြီး ကလောဘူတာ၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကလောခရိုင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ကလောချောင်းတစ်လျှောက် ချောင်းချဲ့ခြင်း၊ တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ကလောမြို့နယ် စည်ပင်သာယာရေးဌာနမှ ကလောဘူတာရှေ့တွင် မြေယာရှင်းအသစ် ပြုလုပ်လျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကလောချောင်းတစ်လျှောက် ရေများပိတ်ဆို့နေခြင်းမရှိဘဲ စဉ်ဆက်မပြတ် စီးဆင်းမှုရှိစေရေး အားလုံးကပိုင်းဝန်း ဆောင်ရွက်ရန်လိုကြောင်း၊ ချောင်းအတွင်း အမှိုက်စွန့်ပစ်ခြင်းများ မရှိစေရေးအတွက်လည်း အသိပညာပေးခြင်း၊ ဒဏ်ရိုက်ခြင်းတို့ဖြင့် ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နေထိုင်သည့်ဒေသ သာယာလှပရေးနှင့် လူနေမှုစနစ်

စာမျက်နှာ ၆ သို့ ❐

# မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့် ပတ်သက်၍ ကာဇက်စတန်နိုင်ငံက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာ ပေးပို့

နေပြည်တော် ဧပြီ ၁၀

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သည့် အင်အားပြင်း မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်း အတွက် ကာဇက်စတန်နိုင်ငံ သမ္မတ H.E. Mr. Kassym- Jomart Tokayev က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် မိမိအနေဖြင့် မြန်မာနိုင်ငံသား များစွာ အသက်ဆုံးရှုံးခဲ့ရသည့် အဆွေတော်တို့နိုင်ငံ၌ ဖြစ်ပွား ခဲ့သော ဝမ်းနည်းဖွယ်ငလျင်သတင်းကို ကြားသိရသည်မှာ များစွာစိတ်မကောင်း ဖြစ်ရပါကြောင်း၊ ယခုကဲ့သို့ ခက်ခဲသော အချိန်ကာလတွင် ချစ်ခင်ရသူများ ဆုံးရှုံးရသည့် မိသားစုများ၊ မြန်မာပြည်သူများအတွက် ဝမ်းနည်းမိပါကြောင်း၊ သဘာဝ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရသူများ ဆောလျင်စွာ ပြန်လည်ကောင်းမွန်ပြီး မိသားစုနှင့် ဘေးအန္တရာယ်ကင်းစွာ ပြန်လည်ဆုံဆည်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ် ပါကြောင်း သိရသည်။

သတင်းစဉ်

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
ဝန်ကြီးချုပ်
နေပြည်တော်

အဆွေတော်

မိမိအနေဖြင့် မြန်မာနိုင်ငံသားများစွာ အသက်ဆုံးရှုံးခဲ့ရသည့် အဆွေတော် တို့နိုင်ငံ၌ ဖြစ်ပွားခဲ့သော ဝမ်းနည်းဖွယ်ငလျင်သတင်းကို ကြားသိရှိရသည်မှာ များစွာ စိတ်မကောင်းဖြစ်ရပါသည်။

ယခုကဲ့သို့ ခက်ခဲသောအချိန်ကာလတွင် ချစ်ခင်ရသူများ ဆုံးရှုံးရသည့် မိသားစု များ၊ မြန်မာပြည်သူများကို ဝမ်းနည်းကြောင်းကို ဖော်ပြလိုပါသည်။

သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရသူများ ဆောလျင်စွာပြန်လည် ကောင်းမွန်ပြီး မိသားစုနှင့် ဘေးအန္တရာယ်ကင်းစွာ ပြန်လည်ဆုံစည်းနိုင်ပါစေ ကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်

ဝမ်းနည်းခြင်းများစွာဖြင့်

ကာဆန်းရှန်မာ သိုးလ်ကာယဲဗ်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကလောဘူတာတွင် ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အား ငလျင်ဘေးဒဏ်ကြောင့် ဟိုတယ်အောင်ပန်း ထိခိုက်ပျက်စီးခဲ့မှုနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကလောချောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်မှုရှိစေရေး ချောင်းချဲ့ခြင်းနှင့် တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် မြေယာရှုခင်းဖော်ဆောင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

❒ စာမျက်နှာ ၅ မှ

ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်ခြင်းဖြစ်သဖြင့် ဒေသခံများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ အတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ကလောချောင်း တစ်လျှောက် ရေစီးရေလာ ကောင်းမွန်မှုရှိစေရေး ချောင်းချဲ့ခြင်းနှင့် တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် မြေယာရှုခင်းဖော်ဆောင်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကလောဘူတာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘူတာရုံအနေဖြင့် စနစ်တကျရှိရမည်ဖြစ်ပြီး ခြံစည်းရိုးကာရံထားရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဘူတာရုံအဝန်းအဝိုင်းအတွင်း မီးရထားဝန်ထမ်းများနှင့် ရထားစီးခရီးသည်များသာ ရှိရမည်ဖြစ်ပြီး စနစ်ကျနပြီး သန့်ရှင်းသပ်ရပ်မှုရှိသည့် ဘူတာရုံဖြစ်ရန်လိုကြောင်း၊ ဘူတာရုံသမိုင်းမှတ်တမ်း ဓာတ်ပုံများကိုလည်း စနစ်တကျဖြင့် ထိန်းသိမ်းခင်းကျင်းပြသ ထားရှိရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့အား အမှတ်တရလက်ဆောင်များ ပေးအပ်စဉ်။

❖ စာမျက်နှာ ၂၄ မှ

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်၍ ကျေးဇူးတင်ဂုဏ်ပြုအမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ကော်မတီဝင် ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Md. Monwar Hossain၊ စစ်သံမှူးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တက်ရောက်လာကြသူများသည် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးခဲ့မှုများနှင့် ပျက်စီးဆုံးရှုံးမှုများ အတွက် စာနာနားလည်မှုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ် ငြိမ်သက်စွာ ရပ်တန့်၍ ဦးညွှတ်ဂါရဝပြုကြသည်။

ထို့နောက် အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ကျေးဇူးတင် ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် မိမိတို့နိုင်ငံတွင် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် ၇ ဒသမ ၇ ရှိ အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးမှုများ များစွာဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုသို့ မြေငလျင်လှုပ်ခတ်ခြင်း၏ နောက်ဆက်တွဲအဖြစ် ယနေ့အချိန်အထိ ၁၁၂ ကြိမ် လှုပ်ခတ်ခဲ့ပြီးဖြစ်ကြောင်း။

ထိုသို့ မြေငလျင်လှုပ်ခတ်မှုများကြောင့် နိုင်ငံတစ်ဝန်းတွင် လူနေအိမ်စုစုပေါင်း ၆၀၀၀၀ ကျော်၊ အိမ်၊ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း ၃၅၁၄ ကျောင်း၊ စာသင်ကျောင်း ၂၃၆၆ ကျောင်း၊ ဌာနဆိုင်ရာရုံး/ အဆောက်အအုံ ၃၆၇၈ လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ထို့ပြင် တံတားပေါင်း ၁၅၅ စင်း၊ ဘုရားစေတီ ၅၆၂၀ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ယနေ့နံနက်ပိုင်းအထိ သေဆုံးသူဦးရေ ၃၆၄၉ ဦး၊ ဒဏ်ရာရရှိသူဦးရေ ၅၀၁၈ ဦးနှင့် ပျောက်ဆုံးသူဦးရေ ၁၄၅ ဦး ရှိခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်မှ ဧပြီ ၉ ရက်အထိ



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အခမ်းအနားတက်ရောက်လာကြသူများ ဝမ်းနည်းကြေကွဲခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်စွာ ရပ်တန့်၍ ဦးညွှတ်ဂါရဝပြုကြစဉ်။

မြန်မာနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် နိုင်ငံတကာမှ အရေးပေါ်ရှာဖွေကယ် ဆယ်ရေး တပ်ဖွဲ့ဝင်များအနေဖြင့် လူဦးရေ ၆၅၃ ဦးအား အသက်ရှင်လျက် ရှာဖွေကယ်ဆယ်နိုင်ခဲ့ပြီး သေဆုံးသူ ၇၁၈ ဦးတို့အား ရှာဖွေဖော်ထုတ်နိုင်ခဲ့ကြောင်း။

ငလျင်ဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများတွင် အရေးပေါ်ရှာဖွေကူညီ ကယ်ဆယ်ရေးလုပ်ငန်းများကို မြန်မာနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များဖြင့် ဆောင်ရွက်ပေးခြင်းအပြင် နိုင်ငံတကာမှ ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ ကူညီကယ်ဆယ်ရေး အထောက်အကူပြုအဖွဲ့များနှင့် ဆေးအဖွဲ့များကို စေလွှတ်ပြီး ဆောင်ရွက် ပေးခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံတော်အစိုးရနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီအနေဖြင့် လည်း မြေငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့ကြရသည့် ပြည်သူများကိုလည်း သွားရောက်တွေ့ဆုံပြီး စိတ်ဓာတ်ခွန်အားပေး၍ လိုအပ်သော ကူညီထောက်ပံ့ပေးမှုများနှင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် Colonel Shamim Iftakhar နှင့် Colonel Nasir တို့ ဦးဆောင်သည့် ရှာဖွေကယ်ဆယ်ရေး အဖွဲ့များ၊ ကူညီထောက်ပံ့ရေး အဖွဲ့များ၊ ဆေးအဖွဲ့များ၊ Structure Engineer အဖွဲ့များပါဝင်သည့် စုစုပေါင်း အင်အား ၅၅ ဦးတို့သည် ခေတ်မီ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းသုံး ပစ္စည်းကိရိယာ အမျိုးအစား ၆၉ မျိုးတို့နှင့်အတူ ၂၀၂၅ ခုနှစ် ဧပြီ ၁ ရက် မွန်းလွဲ ၂ နာရီ အချိန် နေပြည်တော်သို့ ရောက်ရှိခဲ့ပြီးကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရကြောင်း။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Colonel Nasir ဦးဆောင်သည့်ဆေးအဖွဲ့က လည်း ၂၀၂၅ ခုနှစ် ဧပြီ ၁ ရက်တွင် နေပြည်တော်သို့ ရောက်ရှိချိန်မှစ၍ ဧပြီ ၃ ရက်အထိ နေပြည်တော်ကလေးအထူးကုဆေးရုံကြီးတွင် လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် ဧပြီ ၄ ရက်မှစ၍ ဇမ္ဗူသီရိမြို့နယ်ဆေးရုံတွင် အခြေပြု၍ လည်းကောင်း၊ ပျဉ်းမနားမြို့နယ်တွင် လည်း ရွှေ့လျားဆေးခန်းအနေဖြင့်လည်းကောင်း၊ ပြည်သူ့ဆေးရုံ၊ လယ်ဝေးမြို့နှင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)တွင်လည်း ခွဲစိတ်ကုသမှုများ၌လည်းကောင်း မြန်မာနိုင်ငံမှအရေးပေါ်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် အကြီးစားခွဲစိတ်မှုလေးခုအပါအဝင် လူနာပေါင်း ၅၂၇ ဦးကိုလည်း ကျန်းမာရေးစောင့်ရှောက်မှု ပေးခဲ့သည်ကို တွေ့ရကြောင်း။

အလားတူ Colonel Shamim Iftakhar ဦးဆောင်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရှာဖွေကယ်ဆယ်ရေး အဖွဲ့အနေဖြင့် ၂၀၂၅ ခုနှစ် ဧပြီ ၃ ရက်တွင်လည်း ငလျင်လှုပ်ခတ်မှုကြောင့် ပြိုကျပျက်စီးခဲ့သည့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက် တိုက်အမှတ် ၁၃၃၈ တွင် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့နှင့်ပူးပေါင်းပြီး အဆောက်အအုံအတွင်း ပိတ်မိ/ ပိမိနေသည့် ပျောက်ဆုံးနေသူအား ရှာဖွေပေးနိုင်ခဲ့ကြောင်း၊ အဆိုပါနေရာတွင် သေဆုံးသူတစ်ဦးကို တွေ့ရှိရသည့်အတွက် နံရံနှင့် ကွန်ကရစ် ကြမ်းခင်းပြားများကို ခက်ခက်ခဲခဲ ထိုးခွဲဖွင့်ဖောက် ဖြတ်တောက်ပြီး

စာမျက်နှာ ၈ သို့ ❖

★ မြေငလျင်လှုပ်ခတ်မှုများကြောင့် နိုင်ငံတစ်ဝန်းတွင် လူနေအိမ်စုစုပေါင်း ၆၀၀၀၀ ကျော်၊ အိမ်၊ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း ၃၅၁၄ ကျောင်း၊ စာသင်ကျောင်း ၂၃၆၆ ကျောင်း၊ ဌာနဆိုင်ရာရုံး / အဆောက်အအုံ ၃၆၇၈ လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ထို့ပြင် တံတားပေါင်း ၁၅၅ စင်း၊ ဘုရားစေတီ ၅၆၂၀ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ယနေ့နံနက်ပိုင်းအထိ သေဆုံးသူဦးရေ ၃၆၄၉ ဦး၊ ဒဏ်ရာရရှိသူဦးရေ ၅၀၁၈ ဦးနှင့် ပျောက်ဆုံးသူဦးရေ ၁၄၅ ဦးရှိခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်မှ ဧပြီ ၉ ရက်အထိ မြန်မာနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် နိုင်ငံတကာမှ အရေးပေါ်ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များအနေဖြင့် လူဦးရေ ၆၅၃ ဦးအား အသက်ရှင်လျက် ရှာဖွေကယ်ဆယ်နိုင်ခဲ့ပြီး သေဆုံးသူ ၇၁၈ ဦးတို့အား ရှာဖွေဖော်ထုတ်နိုင်ခဲ့

❖ စာမျက်နှာ ၇ မှ

သေဆုံးသူ၏ အသက်မဲ့ခန္ဓာကိုယ်ကို ထုတ်ယူပေးနိုင်ခဲ့သည့်အတွက် မိသားစုများကိုယ်စား ကျေးဇူးအထူးတင်ရှိကြောင်းကို ပြောကြားလိုကြောင်း။

ဧပြီ ၄ ရက် နံနက်ပိုင်းတွင်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ အင်ဂျင်နီယာအဖွဲ့အနေဖြင့် ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဇမ္ဗူသီရိမြို့နယ် ဗဟိုမီးသတ်စခန်း (နေပြည်တော်) အဆောက်အအုံ၏ အန္တရာယ်ရှိသည့် အစိတ်အပိုင်းများ ရှင်းလင်းဖြိုချ ဖျက်ဆီးခြင်းကိုလည်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် အကြံဉာဏ်များ ပေးခဲ့မှုကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များသည် နီပေါနိုင်ငံနှင့် တူကီယဲနိုင်ငံတို့တွင် ဖြစ်ပွားခဲ့သည့် ငလျင်လှုပ်ခတ်မှုဖြစ်စဉ်များတွင် သွားရောက်ကူညီပေးခဲ့ကြသည့် အတွေ့အကြုံကောင်းများစွာရှိသော အဖွဲ့တစ်ခုဖြစ်သည်ကိုလည်း သိရှိရကြောင်း၊ အဆိုပါ အတွေ့အကြုံများဖြင့် ပြိုကျ အဆောက်အအုံအတွင်း ပိတ်မိ/ ပိမိသူများ၊ အသက်ရှင်နေသူများနှင့် သေဆုံးနေသူများကို ရှာဖွေနိုင်၊ ကယ်ထုတ်နိုင်ရုံသာမက ထပ်မံပြိုကျနိုင်သည့် အဆောက်အအုံအခြေအနေများကိုလည်း အကြံပြုကူညီပေးခဲ့သဖြင့် မိမိတို့အတွက် အကျိုးကျေးဇူးများ များစွာရရှိခဲ့ပါကြောင်း၊ ထို့ပြင် ထိခိုက်ဒဏ်ရာရရှိသူများကို ဆေးဘက်ဆိုင်ရာ ကုသမှုပေးနိုင်သည့် အတွေ့အကြုံ ရင့်ကျက်သော ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များဖြစ်သောကြောင့် မြန်မာနိုင်ငံသို့ လာရောက်ကူညီဆောင်ရွက်ပေးခဲ့မှုများအပေါ် များစွာ အားရ ကျေနပ်မိပါကြောင်းနှင့် ကျေးဇူးအထူးတင်ရှိကြောင်းကို ပြောကြားလိုကြောင်း။

ယခုကဲ့သို့ အိမ်နီးချင်းကောင်း မိတ်ဆွေကောင်း ပီသစွာဖြင့် မည်သည့်နှောင်ဖွဲ့မှုမျှ မရှိဘဲ လူသားချင်းစာနာထောက်ထားမှုစိတ်ထား၊ ကိုယ်ချင်းစာစိတ်ထား အပြည့်အဝဖြင့် မိမိတို့နိုင်ငံရှိ ငလျင်ဘေးဒုက္ခ ရောက်ရှိကြရသည့် ပြည်သူများအပေါ် အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ပေးခြင်း၊ Mobile Clinic ဖြင့် ဆေးကုသပေးခြင်းတို့အတွက် စေလွှတ်ပေးခဲ့သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရအဖွဲ့နှင့် တာဝန်ရှိသူများ၊ လာရောက်ကူညီကယ်ဆယ်ပေးခဲ့ကြသည့် Colonel Shamim Iftakhar နှင့် Colonel Nasir တို့ ဦးဆောင်သည့် ကယ်ဆယ်ရေးအဖွဲ့နှင့် ဆေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Md. Monwar Hossain နှင့် သံရုံးအဖွဲ့ဝင်များအားလုံးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နိုင်ငံတော်အစိုးရအဖွဲ့ကိုယ်စား၊ အမျိုးသားအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကိုယ်စား၊ ငလျင်ဘေးဒဏ်ခံစားရသောပြည်သူများနှင့် မိသားစုများကိုယ်စား အထူးပင်လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်းနှင့် မိမိတို့ပြည်သူများအားလုံးက ကူညီဆောင်ရွက်ပေးခဲ့မှုများအတွက် အမြဲပင်အမှတ်ရနေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ရာ အဖွဲ့များကိုယ်စား ကိုယ်စားလှယ် တစ်ဦးစီက လက်ခံရယူကြသည်။

အခမ်းအနားအပြီးတွင် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့အား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါ အရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဧပြီ ၁၁ ရက်တွင် ရန်ကုန်မြို့သို့ မြန်မာနိုင်ငံနှင့် ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ လာရောက်ပို့ဆောင်မည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံပိုင် ရေယာဉ်တစ်စင်းနှင့်အတူ ဧပြီ ၁၃ ရက်တွင် ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀) ရှိ ဝန်ထမ်းများနှင့် လူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် ဧပြီ ၁၀

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)သို့ သွားရောက်၍ ကျန်းမာရေးဝန်ထမ်းများနှင့် ငလျင်ဘေးဒဏ်သင့်လူနာများအား တွေ့ဆုံအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။

ဦးစွာ ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)ရှိ ဦးနှောက်နှင့် အာရုံကြောကုသဆောင်နှင့် အရိုးကုသဆောင်တို့၌ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် လူနာများအား တွေ့ဆုံ၍ ကျန်းမာရေးအခြေအနေများနှင့် နေထိုင်စားသောက်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားကာ ဓာတ်ဆားရည်၊ ဒိန်ချဉ်နှင့် အသင့်စားခေါက်ဆွဲဘူးများ ပေးအပ်လှူဒါန်းသည်။

ယနေ့တွင် ကောင်စီအဖွဲ့ဝင်သည် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) ရှိ ကျန်းမာရေးဝန်ထမ်းများနှင့် လူနာများအတွက် စုစုပေါင်း ဆန်အိတ် ၁၂၀၊ အာလူး ပိဿာ ၄၀၀၊ ခရမ်းချဉ်သီး ပိဿာ ၂၀၀၊ ကြက်ဥအလုံး ၁၂၀၀၊ ခေါက်ဆွဲခြောက် လေးဖာ၊ ဒိန်ချဉ်၊ ဓာတ်ဆားရည်များနှင့် ဆေးရုံတက်ရောက်နေသည့် လူနာ ၁၅၀၀ အတွက် နေ့လယ်စာ လှူဒါန်းငွေကျပ် ၁၅ သိန်းကို ပေးအပ်လှူဒါန်းခဲ့သည်။

သတင်းစဉ်



## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ယာယီတည်းခိုရေးစခန်းများတည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၀



အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ(၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဘေးဒဏ်သင့် ပြည်သူများနှင့် ဝန်ထမ်းမိသားစုများ နေထိုင်နိုင်ရန် ယာယီတည်းခိုရေးစခန်းများ တည်ဆောက်နေမှုနှင့် ဝင်ရောက်နေထိုင်မှုအခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ သုခသိဒ္ဓိရပ်ကွက်၊ ဥဇ္ဇာသိဒ္ဓိရပ်ကွက်၊ ဓနသိဒ္ဓိရပ်ကွက်နှင့် ဗလသိဒ္ဓိရပ်ကွက်တို့ရှိ ယာယီတည်းခိုရေးစခန်းများတွင် ဘေးသင့်သူများ အဆင်ပြေချောမွေ့စွာ နေထိုင်နိုင်ရေး၊ လျှပ်စစ်မီး၊ ဆိုလာမီး၊ သောက်ရေသန့်၊ သုံးရေ၊ ချိုးရေ၊ သန့်စင်ခန်းများ လုံလောက်စွာရရှိရေး၊ ကျန်းမာရေးဆေးပေးခန်း၊ စားဖိုဆောင်များနှင့် အခြားလိုအပ်သည်များ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

### ပေါင်းစပ်ညှိနှိုင်း

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်သူများနှင့် ဝန်ထမ်းမိသားစုများ မိုးရာသီမတိုင်မီ ယာယီနေထိုင်နိုင်ရန်အတွက် မိုးကာတဲများကို လိုအပ်သလောက် မြန်ဆန်စွာ တည်ဆောက် နေရာချထားပေးသွားမည်ဖြစ်ကြောင်း၊ ယာယီတည်းခိုရေးစခန်းများ အားလုံးတွင် လိုအပ်သည့် ရေ၊ မီးနှင့် သန့်စင်ခန်းများကိုလည်း ပြည့်စုံလုံလောက်စွာ ဆောင်ရွက်ထားရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆေးပေးခန်းများနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဆေးဝါးများ လုံလောက်စွာစီမံဆောင်ရွက်ထားရှိမည်ဖြစ်ကြောင်း၊ ယခု ယာယီတည်းခိုရေးစခန်းများတွင် ရေရှည်နေထိုင်ရန် မဖြစ်နိုင်သည့်အတွက် ပြန်လည်နေထိုင်နိုင်သည်ဟု စစ်ဆေးရေးအဖွဲ့က သတ်မှတ်သော မူလနေအိမ်တိုက်ခန်းများ၌ ပြန်လည်နေထိုင်ကြမည့် ဝန်ထမ်းမိသားစုများမှလွဲ၍ ပြုပြင်/အသစ်တည်ဆောက်ရမည့် နေအိမ်တိုက်ခန်းများ၌ နေထိုင်ခဲ့ကြသည့် ဝန်ထမ်းမိသားစုများကို မိုးမကျမီ အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများအလိုက် လုံခြုံမှုရှိပြီး သက်သာချောင်ချိစွာ နေထိုင်နိုင်မည့် ယာယီဘာရာများ တည်ဆောက်၍ ပြောင်းရွှေ့နေရာချထားပေးသွားမည်ဖြစ်ကြောင်းနှင့် အခက်အခဲများရှိပါက တာဝန်ရှိသူများထံ အချိန်နှင့်တစ်ပြေးညီ တင်ပြ ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် နိုင်ငံရေးပါတီ ၂၅ ပါတီမှ အလှူငွေကျပ် သိန်း ၁၀၀ နှင့် ပြည်ပရောက် မြန်မာနိုင်ငံသား စေတနာရှင် အလှူရှင်များက ကျပ် ၁၅၉ ဒသမ ၆ သိန်းတို့ကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနသို့ လာရောက်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၁၀

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး မစ္စတာ ဟာရိရှ်ချန်ဒရာဂီမီအား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပျက်စီးဆုံးရှုံးမှုကြီးမားသည့် ငလျင်လှုပ်ခတ်မှုဖြစ်ပွားပြီးနောက် နီပေါနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများပေးအပ်ခဲ့မှုနှင့် ဆေးအဖွဲ့ကို မြန်မာနိုင်ငံသို့စေလွှတ်ပေးခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။ ငလျင်ဒဏ်သင့်ပြည်သူများကို ကယ်တင်ရေးနှင့် ကယ်ဆယ်ရေးအတွက် နှစ်နိုင်ငံအကြား နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားရန်အတွက်လည်း ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် မြန်မာနှင့် နီပေါနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရန် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကဏ္ဍများတွင် တိုးမြှင့်ဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ငလျင်ဒဏ်ခံရသည့် မဟာအောင်မြေနှင့် ရမည်းသင်းခရိုင်အတွင်းရှိ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံးများနှင့် မန္တလေးလေဆိပ်ဝန်ထမ်းအိပ်ဆောင်များပျက်စီးမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်နှင့်မြို့နယ်ဦးစီးမှူးရုံးနှင့် ဝန်ထမ်းအိမ်ရာများသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ရုံးအဆောက်အအုံနှင့် စာရွက်စာတမ်းများ၊ ဝန်ထမ်းအိမ်ရာများ၊ ပျက်စီးဆုံးရှုံးမှု၊ ဝန်ထမ်းများနှင့် မိသားစုဝင်အချို့ ထိခိုက်ဒဏ်ရာရရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရုံးအဆောက်အအုံနှင့် အိမ်ရာများအခြေအနေကို သက်ဆိုင်ရာတာဝန်ရှိသူများ လာရောက်စစ်ဆေး၍ အဆင့်သတ်မှတ်ချက်အရ ဆက်လက်ဆောင်ရွက်ကြရန်နှင့် ယာယီရုံးများဖွင့်လှစ်၍ ဌာန၏လုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေး စီစဉ်ပေးရန် မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါရုံးဝင်းအတွင်းရှိမဏ္ဍာရုံ၌ ခရိုင်နှင့်မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများအား တွေ့ဆုံ၍ ငလျင်ဒဏ်ခံရသည့်ဝန်ထမ်းများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးမည့်အစီအစဉ်၊ နိုင်ငံတော်က ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသကဲ့သို့ ဝန်ကြီးဌာနအနေဖြင့်လည်း တတ်နိုင်သမျှကူညီထောက်ပံ့ဆောင်ရွက်ပေးနေမှုများ၊ ရုံးစာရွက်စာတမ်းများ စနစ်တကျပြန်လည်ထိန်းသိမ်းဆောင်ရွက်ထားရှိရေးနှင့် ယာယီရုံးများ ဖွင့်လှစ်ဆောင်ရွက်နိုင်ရေး၊ ဝန်ထမ်းအားလုံး နေထိုင်စားသောက်မှုအဆင်ပြေစေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က စနစ်တကျစီစဉ်ဆောင်ရွက်ပေးရေးနှင့်စပ်လျဉ်း၍ အားပေးစကားများ ပြောကြားကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ တာဝန်ကျဝန်ထမ်းများနေထိုင်သည့် ဝန်ထမ်းအိပ်ဆောင်များ ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ယာယီတဲများဖြင့် ရွှေ့ပြောင်းနေထိုင်မှု၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဝန်ထမ်းများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပျော်ဘွယ်မြို့နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ရုံးအဆောက်အအုံများ ထိခိုက်ပျက်စီးမှုအခြေအနေများနှင့် ယာယီရုံးဖွင့်လှစ်ဆောင်ရွက်နေမှု၊ ရမည်းသင်းခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံး၌ ငလျင်ဒဏ်ကြောင့် ရုံးအဆောက်အအုံများ၊ စာရွက်စာတမ်းများ ထိခိုက်ပျက်စီးမှုနှင့် ယာယီရုံးများ ဖွင့်လှစ်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း နီပေါတပ်မတော်အရေးပေါ်ဆေးကုသရေးအဖွဲ့အား ဂုဏ်ပြုနှုတ်ဆက်

နေပြည်တော် ဧပြီ ၁၀

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းသည် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး အဆိုပါဆေးရုံတွင် အခြေပြု၍ ရမည်းသင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခုတင်(၁၀၀)ဆံ့ရမည်းသင်းပြည်သူ့ဆေးရုံတို့နှင့် ပူးပေါင်းကာ ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်နေသည့် နီပေါ



တပ်မတော်အရေးပေါ်ဆေးကုသရေးအဖွဲ့၏ ဒေသခံပြည်သူများအား ပြင်ပလူနာဌာနတွင်ကျန်းမာရေး စောင့်ရှောက်မှုများပေးနေမှုကို ကြည့်ရှုအားပေးကာ လူနာများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ဆက်လက်၍ တာဝန်ပြီးဆုံးပြီဖြစ်သည့် နီပေါတပ်မတော်အရေးပေါ် ဆေးကုသရေးအဖွဲ့အား ဂုဏ်ပြုနှုတ်ဆက်ပွဲအခမ်းအနားကို ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုနှုတ်ဆက်စကားပြောကြားပြီး နီပေါတပ်မတော်အရေးပေါ်ဆေးကုသရေးအဖွဲ့မှ တာဝန်ရှိသူများအား အမှတ်တရဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

## အားပေးစကားပြောကြား

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရမည်းသင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများနှင့် ခုတင် (၁၀၀) ဆံ့ ရမည်းသင်းခရိုင်ပြည်သူ့ဆေးရုံမှ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ယခုကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် စေတနာ အပြည့်အဝထားကာ လုပ်ငန်းများကို စိတ်ရောကိုယ်ပါနှစ်မြှုပ်၍ စွမ်းစွမ်းတမံ ဆောင်ရွက်နေကြသည့် ကျန်းမာရေးဝန်ထမ်းများကို ဝန်ကြီးဌာနအနေဖြင့် မှတ်တမ်းတင်ဂုဏ်ပြုကြောင်း ပြောကြားသည်။ ထို့နောက် ရမည်းသင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများအတွက် ကျန်းမာရေး ဝန်ကြီးဌာနမှ ထောက်ပံ့ငွေကျပ် ၁၀ သိန်း၊ ခုတင် (၁၀၀) ဆံ့ ရမည်းသင်းခရိုင်ပြည်သူ့ဆေးရုံမှ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းနှင့် သဘာဝဘေး ကယ်ဆယ်ရေး Kit ပုံးများ ထောက်ပံ့ပေးအပ်ပြီး ဝန်ထမ်းများကို အားပေးစကားပြောကြားကြောင်း သိရသည်။

သတင်းစဉ်

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂ၏ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ



နေပြည်တော် ဧပြီ ၁၀

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Michael Dunford အား ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မတ် ၂၈ ရက်တွင် မြန်မာနိုင်ငံ၌ လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသည့်ဒေသများမှ ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များ ပေးအပ်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိကြီးများလည်း တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး မန္တလေးငလျင်ဒဏ်သင့် ဥပဒေရုံးအဆင့်ဆင့်မှ ဝန်ထမ်းများနှင့် မိသားစုဝင်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

မန္တလေး ဧပြီ ၁၀

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မန္တလေးငလျင်ဒဏ်သင့် ဥပဒေရုံးအဆင့်ဆင့်မှ ဝန်ထမ်းများနှင့် မှီခိုသူမိသားစုများအား ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းကို ဧပြီ ၁၀ ရက်က မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၌ ကျင်းပသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လူနေအိမ်နှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးမှုများရှိခဲ့ရာ မိမိတို့၏ဥပဒေရုံးအဆင့်ဆင့်နှင့် ဝန်ထမ်းအိမ်ရာများ၊ လူနေအိမ်များ ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုထိခိုက်ပျက်စီးဆုံးရှုံးမှုများကို စစ်တမ်းစာရင်းကောက်ယူခြင်းလုပ်ငန်းများဆောင်ရွက်ပြီး တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဒဏ်သင့် ဥပဒေရုံးအဆင့်ဆင့်မှ ဝန်ထမ်းများနှင့် မိသားစုဝင်များ လတ်တလောအဆင်ပြေစေရန် ကူညီထောက်ပံ့ရေးပစ္စည်းများ လာရောက်ပေးအပ်ခြင်းဖြစ်ကြောင်း၊ ငလျင်ဒဏ်ကြောင့် ဖြစ်ပေါ်လာသော စိုးရိမ်ကြောင့်ကြမှု၊ ကြောက်ရွံ့ထိတ်လန့်မှုများကို ခေတ္တဖယ်ရှား၍ စိတ်ဓာတ်များ ပြန်လည်မြှင့်တင် ပူးပေါင်းဆောင်ရွက်ကြပါရန်၊ ယင်းသို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရုံးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်သွားနိုင်ရေး ကြိုးစားကြစေလိုကြောင်းစသည်ဖြင့် အားပေးစကား ပြောကြားသည်။

## ထောက်ပံ့ပေးအပ်

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိဥပဒေရုံးအဆင့်ဆင့်မှ ဝန်ထမ်းနှင့်မိသားစုများ စားဝတ်နေရေး အဆင်ပြေစေရေးအတွက် အလှူရှင်များလှူဒါန်းသည့် Disaster Kit Box ပုံး ၁၀၀၊ ဆေးရည်စိမ်ခြင်ထောင် အလုံး ၂၀၀၊ ဆန်၊ ဆီ၊ ကြက်ဥကတ်များနှင့် အသင့်စားခေါက်ဆွဲထုပ်များကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ငလျင်ဒဏ်သင့် ပျက်စီးဆုံးရှုံးသည့် ရုံးများ၊ အိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းနှင့် မိသားစုဝင်များအား အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဒဏ်သင့် ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်

နေပြည်တော် ဧပြီ ၁၀

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ဧပြီ ၉ ရက်က မန္တလေးတိုင်းဒေသကြီး အတွင်း ငလျင်ဒဏ်သင့် ဝန်ကြီးဌာနအောက်ရှိ ဌာန၊ လုပ်ငန်းရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများအား တွေ့ဆုံအားပေးကာ ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်သည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ သစ်တောဦးစီးဌာန ခရိုင်ရုံးနှင့် မြို့နယ်ရုံး အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ၊ ပျော်ဘွယ်မြို့ရှိ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန မြို့နယ်ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ၊ မိတ္ထီလာမြို့ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ခရိုင်ရုံး အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဆည်မြို့ရှိ မြို့မပျိုးဥယျာဉ်အတွင်း အထူးစိမ်း၊ တစ်ရွာနှစ်ဧက ကျေးရွာစိုက်ခင်းနှင့် လူထုဖြန့်စိုက်ပျိုးခြင်းများအတွက် ပျိုးပင်ပေါင်း ၁၃၀၀၀၀ ကျော် ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် အမရပူရမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း တိုင်းရုံး အဆောက်အအုံ၊ ညှော်ရိပ်သာနှင့် ဝန်ထမ်းနေအိမ်များကို လည်းကောင်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန တိုင်းရုံး အဆောက်အအုံများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ထိခိုက်ပျက်စီးမှုများ ပြုပြင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ရှိ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့် သတ္တုတွင်းဦးစီးဌာနများ၏ တိုင်းတာဝန်ခံရုံး အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ၏ ထိခိုက်ပျက်စီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးတွင် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားကာ ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည်ပုသိမ်ကြီးမြို့နယ်ရှိသစ်တောဦးစီးဌာန ဇဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်းရှိ စာသင်ဆောင်၊ အိပ်ဆောင်နှင့် ဝန်ထမ်းအိမ်ရာများကို လည်းကောင်း၊ မြို့နယ်သစ်တောရုံးနှင့် ဝန်ထမ်းအိမ်ရာများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ထိခိုက်ပျက်စီးမှုများ ပြုပြင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ် ဆောင်ရွက်ပေးသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်ကြီး(မြို့မ) ပျိုးဥယျာဉ်အတွင်း လူထုဖြန့်စိုက်ပျိုးရန် ပျိုးပင်တစ်သိန်းကျော် ပျိုးထောင်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်ကြီးမြို့နယ်ရှိ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးသို့ သွားရောက်၍ ရုံးအဆောက်အအုံနှင့် ဂိုဒေါင်များ၊ ဝန်ထမ်းအိမ်ရာများ၏ ထိခိုက်ပျက်စီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ညွှန်ကြားရေးမှူးချုပ်ရုံး၊ စန္ဒကူးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းရုံးများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အားပေးစကား ပြောကြားပြီးဝန်ထမ်းမိသားစုများနှင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာ ရရှိခဲ့သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လျှော်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၁၀

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတွင် ဧပြီ ၁၀ ရက်အထိ သေဆုံးသူ ၃၆၀၃ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၈၁၇ ဦးနှင့် ပျောက်ဆုံးသူ ၁၆၃ ဦး ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၂၄ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ ဧပြီ ၉ ရက် ညနေပိုင်းမှ ဧပြီ ၁၀ ရက်အတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ အာရပ်စော်ဘွားများပြည်ထောင်စုနှင့် နီပေါနိုင်ငံတို့မှ လေယာဉ်စင်းရေ သုံးစင်း တို့ဖြင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း တန်ချိန် ၉၁ ဒသမ ၂၆ တန် ဆိုက်ရောက်ခဲ့သည်။

ပြည်တွင်းပြည်ပ အလှူရှင်များ၏ ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများလက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသည့် စိုက်/မွေး/ဆည်ဝန်ကြီးဌာန ဝန်ထမ်းများအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်

နေပြည်တော် ဧပြီ ၁၀

ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ကြရသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ မန္တလေးတိုင်းဒေသကြီး ခရိုင်နှင့် မြို့နယ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား ယနေ့တွင် သက်ဆိုင်ရာဒေသရုံးများသို့ သွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။




ပြည်ထောင်စုဝန်ကြီးသည် ဝမ်းတွင်းမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနရုံးတွင် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်မှ ဝန်ထမ်းများအားလည်းကောင်း၊ မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးရုံးတွင် မြစ်သားမြို့နယ်မှ ဝန်ထမ်းများအားလည်းကောင်း၊ ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူးရုံးတွင် ကျောက်ဆည်ခရိုင်နှင့် မြို့နယ်များမှ ဝန်ထမ်းများအား လည်းကောင်း၊ စဉ့်ကိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးရုံးတွင် စဉ့်ကိုင်မြို့နယ်မှ ဝန်ထမ်းများအား လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးရုံးတွင် တိုင်းဒေသကြီး၊ ခရိုင်တို့မှ ဝန်ထမ်းများအား လည်းကောင်း စုစုပေါင်း အရာထမ်း၊ အမှုထမ်း ၃၅၂၇ ဦးအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ နိုင်ငံ့ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရမှု အခြေအနေ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၏ ကျန်းမာရေး၊ နေထိုင်စားသောက်ရေး၊ ဌာနပိုင်အဆောက်အအုံများနှင့် ဒေသ၏ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများကို စိစစ်မေးမြန်းပြီး ပြည်ထောင်စုဝန်ကြီးက အားပေးစကားပြောကြားရာ၌ ယခုကြုံတွေ့ခဲ့ရသည့် ငလျင်ဘေးကြောင့် မိမိတို့ ဝန်ထမ်းများအတွက် ထိခိုက်မှုအချို့ရှိခဲ့သော်လည်း မိမိတို့ထက် ပိုမိုထိခိုက်ပျက်စီးခဲ့သည့် ဒေသများ၊ လူပုဂ္ဂိုလ်များနှင့် နှိုင်းယှဉ်ကြည့်ပြီး စိတ်ပျက်အားငယ်မှုမထားဘဲ မိမိတို့၏ မူလတာဝန် ဝတ္တရားများကို အရှိန်အဟုန်မပျက် ဆက်လက်ကြိုးပမ်းကြစေလိုကြောင်း၊ မိမိတို့ တိုက်ရိုက်ထိတွေ့ ဝန်ဆောင်မှုပေးနေကြရသည့် တောင်သူများ၏ အကျိုးစီးပွားနှင့် ပြည်သူများ၏ စားရေရိက္ခာဖူလုံရေး မျှော်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အားသစ်မွေးကြစေလိုကြောင်း၊ ကြိုတင်တွက်ဆမရနိုင်သော သဘာဝဘေးကို ကြံ့ကြံ့ခံဖြတ်ကျော်နိုင်ရန် မိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း၊ မန္တလေးငလျင်ကြီးကြောင့် ရေသောက်စနစ်ပြောင်းလဲမှု၊ မြေဆီလွှာပြောင်းလဲမှုနှင့် စိုက်ပျိုးထုတ်လုပ်မှုအပေါ် နောက်ဆက်တွဲ သက်ရောက်နိုင်မည့် အခြေအနေများကို မိမိတို့ ကျွမ်းကျင်ရာ ပညာရပ်များဖြင့် ဖြေရှင်းပေးနိုင်ရန်နှင့် လိုအပ်ချက်များကို သက်ဆိုင်ရာ အုပ်ချုပ်ရေးတာဝန်ရှိသူများ၊ ဌာနအဖွဲ့အစည်းများအကြား အပြန်အလှန် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ကျန်းမာရေးဝန်ထမ်း မိသားစုဝင်များနှင့် လူနာများအတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းငွေလက်ခံ



နေပြည်တော် ဧပြီ ၁၀

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ဧပြီ ၉ ရက် နံနက်ပိုင်းတွင် ကျန်းမာရေး ဝန်ထမ်းမိသားစုများနှင့် လူနာများအတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က ငွေကျပ်သိန်း ၅၀၀ လှူဒါန်းခြင်းကို လက်ခံသည်။

အဆိုပါ လှူဒါန်းငွေပေးအပ်ပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် အလှူရှင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်နှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဧပြီ ၁၀


ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ တဖြည်းဖြည်းအားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် ယနေ့ညမှ ဧပြီ ၁၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ ဧပြီ ၁၂ ရက်မှ ၁၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုအန္တရာယ်များကိုလည်းကောင်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ



# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးငလျင်ကြီးကြောင့် ဧရာဝတီတံတား(ရတနာပုံ)တံတားပေါ်နှင့် ချဉ်းကပ်လမ်းများ၌ ထိခိုက်ပျက်စီးမှုအချို့ ဖြစ်ပေါ်ခဲ့မှု၊ တံတားကြံ့ခိုင်မှုနှင့် ဖြတ်သန်းသွားလာမှုအခြေအနေများ၊ အန္တရာယ်ရှိ အဆောက်အအုံအား ဖြိုချ ဖယ်ရှားရှင်းလင်းရန် ဆောင်ရွက်နေမှုနှင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး





**မန္တလေး ဧပြီ ၁၀**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ယနေ့ နံနက်ပိုင်းက မန္တလေးငလျင်ကြီးကြောင့် ဧရာဝတီတံတား(ရတနာပုံ) တံတားပေါ်နှင့် ချဉ်းကပ်လမ်းများ၌ ထိခိုက်ပျက်စီးမှုအချို့ ဖြစ်ပေါ်ခဲ့မှု၊ တံတားကြံ့ခိုင်မှု၊ တံတားပေါ်ဖြတ်သန်းသွားလာနေမှု အခြေအနေများ၊ အန္တရာယ်ရှိ အဆောက်အအုံအား ဝန်ချီစက်ယန္တရားယာဉ်ကြီးအသုံးပြု၍ ဖြိုချဖယ်ရှား ရှင်းလင်းရန် ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ငလျင်ဒဏ်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ချမ်းအေးသာစံမြို့နယ်၊ လမ်း ၃၀၊ ၇၀လမ်းနှင့် ၇၁လမ်းကြားရှိ အန္တရာယ်ရှိ အဆောက်အအုံအား ဖြိုချဖယ်ရှား ရှင်းလင်းရန် ပြင်ဆင်ဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး ဦးစားပေးဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဆက်လက်၍ ဧရာဝတီတံတား(ရတနာပုံ)သို့သွားရောက်ပြီး တာဝန်ရှိသူများက ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအချို့ ဖြစ်ပေါ်ခဲ့မှုနှင့် တံတားရေရှည်ကြံ့ခိုင်ရေးအတွက် လုပ်ငန်းအစီအမံများဖြင့်ဆောင်ရွက်နေမှု၊ နေ့စဉ် တံတားပေါ်မှ သွားလာဖြတ်သန်းနေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ခရီးသွားပြည်သူများ သွားလာမှုအခက်အခဲမဖြစ်ပေါ်စေရေးနှင့် တံတားရေရှည်ကြံ့ခိုင်ရေးအတွက် အကောင်းဆုံးနည်းလမ်းဖြင့် စနစ်တကျ စီမံ ကွပ်ကဲ၍ လုံခြုံရေးသတိ၊ လုံခြုံရေးအသိတို့ဖြင့် အလေးထားကာ ကြပ်မတ်ဆောင်ရွက်သွားရေးတို့ကို မှာကြားပြီး တံတား ရေရှည်ကြံ့ခိုင်ရေးအတွက် ဆောင်ရွက်မည့် အစီအမံများအား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အမရပူရမြို့နယ်ရှိသမိုင်းဝင် ရွှေကြက်ယက် ဆုတောင်းပြည့်မြတ်စွာဘုရားနှင့် ရွှေကြက်ကျ ဆုတောင်းပြည့် မြတ်စွာဘုရားများသို့ သွားရောက်ဖူးမြော်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရား၊ စေတီ၊ ပုထိုးများနှင့် သာသနိက အဆောက်အအုံများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ရာ တာဝန်ရှိသူများက အဆိုပါဘုရားနှစ်ဆူရှိ စေတီတော်ကြီးနှင့် အရံစေတီတော်များ၊ ရုပ်ပွားတော်မြတ်များနှင့် သာသနိက အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများ မဆောင်ရွက်မီ၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ပြီး လုပ်ငန်းများအား ဓာတ်ပုံ မှတ်တမ်းမှတ်ရာများဖြင့် စနစ်တကျ ပြုစုထားရှိရေးနှင့် ပြန်လည်ပြုပြင်ခြင်းများကို အမြန်ဆုံး ဆောင်ရွက်သွားနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ သဘာဝဘေး ငလျင်ဒဏ်ကြောင့် အခက်အခဲကြုံတွေ့နေရသည့် ပြည်သူများ သွားလာရေး အဆင်ပြေချောမွေ့စေရန်၊ ကုန်စည်စီးဆင်းမှုများ ပုံမှန်လည်ပတ်နိုင်စေရန် မန္တလေး(ရွှေကြက်ယက်)ဆိပ်ကမ်းနှင့် စစ်ကိုင်းဆိပ်ကမ်းတို့အကြား ကုန်တင်ကားကြီးများ မြစ်ကူးပို့ဆောင်ခြင်းကို ပုဂ္ဂလိကပိုင် ရေယာဉ်၊ တွဲရေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမရပူရခရိုင်အတွင်းရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရေဆိုးစုပ်ထုတ်စက်ရုံအမှတ်(၂)(ရွှေခဲ)နေရာသို့ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် မြို့ပတ်လမ်း(ကမ်းနားလမ်း)၊ အမရပူရမြို့နယ်အတွင်းရှိ ထိခိုက်ပျက်စီးခဲ့သည့် တာပေါင်အခြေအနေ၊ လမ်းပိုင်းပျက်စီးမှုနှင့် ပြင်ဆင်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ လမ်းအသုံးပြုသူများ အခက်အခဲမရှိစေရေး၊ ချောမွေ့စွာသွားလာနိုင်ရေး၊ အမြန်ဆုံး ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ





သတင်း စာမျက်နှာ ၁၂

















## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးငလျင်ကြီးကြောင့် တံတားဦးခရိုင်၊ အင်းဝရှေးဟောင်းသုတေသနနယ်မြေအတွင်းရှိ ရှေးဟောင်း ဘုရား၊ စေတီ၊ ပုထိုးများ၊ သာသနိကအဆောက်အအုံများ၊ ရှေးဟောင်းအဆောက်အအုံများ ထိခိုက်ပြိုကျပျက်စီးမှုများ၊ လောကသရဖူဘုရားနှင့် မယ်နုအုတ်ကျောင်းတော်ကြီးတို့၏ ထိခိုက်ပျက်စီးမှုများအား ကြည့်ရှုစစ်ဆေး

**မန္တလေး ဧပြီ ၁၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဗိသုကာပညာရှင် ဦးဝင်းဇော်နှင့်အဖွဲ့၊ တာဝန်ရှိသူများသည် ဧပြီ ၉ ရက် မွန်းလွဲပိုင်းက မန္တလေးငလျင်ကြီးကြောင့် တံတားဦးခရိုင်၊ အမရပူရမြို့နယ်၊ အင်းဝရှေးဟောင်းသုတေသနနယ်မြေရှိ လောကသရဖူဘုရား ဘုရားကြီး၊ မယ်နုအုတ်ကျောင်းတော်ကြီးနှင့် ရှေးဟောင်းဘုရား၊ စေတီ၊ ပုထိုးများ၊ သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် လောကသရဖူဘုရားစေတီတော်ကြီးသို့ ရောက်ရှိကာ လောကသရဖူဘုရားကြီးအား ဖူးမြော်ပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်က ငလျင်ဒဏ်ကြောင့် အင်းဝရှေးဟောင်းသုတေသနနယ်မြေအတွင်း ပျက်စီးခဲ့သည့် ရှေးဟောင်းအဆောက်အအုံများကို ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (နေပြည်တော်)မှ ဖွဲ့စည်းတာဝန်ပေးထားသည့် အင်ဂျင်နီယာအဖွဲ့နှင့် မန္တလေးဌာနခွဲတို့မှ ဝန်ထမ်းများပူးပေါင်း၍ ပျက်စီးစာရင်းများ ကောက်ယူခဲ့ပါကြောင်း၊ ရှေးဟောင်းအဆောက်အအုံ ၉၆၀ လုံး၊ ရုံးအဆောက်အအုံ ၁ လုံး၊ ဘုရား၊ စေတီ၊ ပုထိုး ၅၅၉ ခု၊ ဘုန်းကြီးကျောင်း ၄ ကျောင်း၊ ရေကန် ၂ ကန်၊ သိမ် ၇ ခု၊ အခြားရုံးအဆောက်အအုံ အပါအဝင် ၂၉ ခုတို့ ထိခိုက်ပျက်စီးခဲ့ကြောင်း၊ ထိခိုက်ပျက်စီးမှုများတွင် လောကသရဖူဘုရားကြီးနှင့် မယ်နုအုတ်ကျောင်းတော်ကြီးလည်းထိခိုက်ပျက်စီးခဲ့ပြီး လတ်တလော သဲ၊ ခဲများကို ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေပါကြောင်း၊ ရေရှည်ဆောင်ရွက်သွားမည့်လုပ်ငန်းများနှင့်ပတ်သက်၍ စီမံချက်များရေးဆွဲပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပျက်စီးမှုများနှင့် အန္တရာယ်ရှိအဆောက်အအုံများ၊ အဆောက်အအုံများကို ဖယ်ရှားရှင်းလင်းရာတွင် မှတ်တမ်းမှတ်ရာများထားရှိ၍ စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရေးကို အလေးထားဆောင်ရွက်သွားရန်၊ ထူးခြားဖြစ်စဉ်များအား အချိန်နှင့် တစ်ပြေးညီ တင်ပြသွားရန်တို့ကို မှာကြား၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လောကသရဖူစေတီတော်ကြီးနှင့် တန်ချိန် ၄၉၀ ဒသမ ၃၆ တန်ရှိ တစ်တုံးတည်းသော စကျင်ကျောက်သားကြီးကို မြေအောက်တစ်ဝက် မြေပေါ်တစ်ဝက် စိုက်ထူထုဆစ်ပူဇော်ထားသည့် ဉာဏ်တော်အမြင့် ၁၈ တောင် နှင့် ၁ မိုက်၊ တင်ပျဉ်ခွေတော် အကျယ် ၁၂ တောင် ၁မိုက်ရှိ လောကသရဖူ ရုပ်ပွားတော်ကြီးတို့ ထိခိုက်ပျက်စီးမှုနှင့် အုတ်ပြာသာဒ်တော်ပြိုကျပျက်စီးခဲ့မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နန်းမတော်မယ်နု အုတ်ကျောင်းတော်ကြီးသို့သွားရောက်ပြီး ထိခိုက်ပျက်စီးပြိုကျမှုအခြေအနေများကို လည်းကောင်း၊ သမိုင်းဝင် မဟာရွှေသာလျောင်း(ပေါင်းလဲကြီး) ဘုရားသို့ သွားရောက်ပြီး အနုရုဒ္ဓါမဟာပတိဘွဲ့ခံ ဥဇနာမင်း တည်ထားကိုးကွယ်တော်မူခဲ့သည့် နှစ်ပေါင်း ၇၀၂ နှစ်ရှိ မဟာရွှေသာလျောင်း(ပေါင်းလဲကြီး) ဘုရားနှင့် သာသနိက အဆောက်အအုံများ ပျက်စီးခဲ့မှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင် ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**





## မန္တလေးမြို့တွင် သဘာဝဘေးအန္တရာယ်များ ကင်းဝေးစေရေး အန္တရာယ်ကင်းပရိတ်တရားတော်များကို တတိယနေ့ ဆက်လက်ရွတ်ဖတ်ပူဇော်





**မန္တလေး ဧပြီ ၁၀**

မန္တလေးမြို့တွင် သဘာဝဘေးအန္တရယ် ကင်းဝေးစေရန် အတွက် ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းကို ဧပြီ ၁၀ ရက် တတိယနေ့၌ ဆက်လက် ရွတ်ဖတ်ပူဇော်ကြသည်။

အလားတူ ဝတ်အသင်းများမှလည်း သက်ဆိုင်ရာ မြို့နယ်အသီးသီးတွင် ယနေ့ည ၇ နာရီမှစတင်၍ အန္တရာယ်ကင်းပရိတ်တရားတော်များကို တစ်ချိန်တည်း တစ်ပြိုင်တည်း ရွတ်ဖတ်ပူဇော်ကြရာ ယနေ့ညပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယံ(အတုမရှိ)ကျောင်းတော်ကြီးတွင် ရွတ်ဖတ်ပူဇော်နေမှုများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ ဇနီးများက ဝတ်အသင်းများနှင့် အတူ ရတနသုတ်ပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်ကြပြီး အရပ်ဆယ်မျက်နှာသို့ မေတ္တာပို့သခဲ့ကြကြောင်း သိရသည်။

အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းများကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပခြင်း ဖြစ်ပြီး ဧပြီ ၁၆ ရက်အထိ ၉ ရက်တိုင် နေ့စဉ်ည ၇ နာရီမှ စတင်၍ ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

၀-၀-၀-၀-၀

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးငလျင်ကြီးကြောင့် အက်ကွဲကြောင်းများကြားမှ ထပ်မံတွေ့ရှိလာသည့် ရေနန်းတော်ဆောင်အား စနစ်တကျတူးဖော် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး

**မန္တလေး ဧပြီ ၁၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဗိသုကာပညာရှင် ဦးဝင်းဇော်နှင့်အဖွဲ့၊ တာဝန်ရှိသူများသည် ဧပြီ ၉ ရက် မွန်းလွဲပိုင်းက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန(မန္တလေးဌာနခွဲ)က အင်းဝခေတ် ယဉ်ကျေးမှုအဆောက်အအုံအမွေအနှစ် ရေနန်းတော်ဆောင်အား စနစ်တကျတူးဖော်ဆောင်ရွက်နေမှုများကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကြည့်ရှုစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့အား ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ) ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်က ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနမှ မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များအား အစဉ်တစိုက် တူးဖော်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခုလှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် အက်ကွဲကြောင်းများကြားမှ ထပ်မံတွေ့ရှိလာသည့် ရေနန်းတော်ဟုခေါ်ဆိုနေကြသော ရေနန်းတော်ဆောင်အား စနစ်တကျတူးဖော်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေပါကြောင်း၊ ယခုတွေ့ရှိရသည့် ရေနန်းတော်ဆောင်၏ တောင်ဘက်ရှိ သရက်ကင်းလှေကားအစိတ်အပိုင်းများကို ၂၀၀၉ ခုနှစ်တွင် ဒေသခံများ အုတ်ဖုတ်လုပ်ငန်းဆောင်ရွက်ရာမှ စတင်တွေ့ရှိထားသော အစိတ်အပိုင်းဖြစ်ပါကြောင်း၊ ယခုလတ်တလော စမ်းသပ်တူးဖော်တွေ့ရှိချက်များအရ ပုရပိုက်ပုံဆွဲများတွင်ပါရှိသည့် ရေနန်းတော်ဆောင်၏ အစိတ်အပိုင်းဖြစ်သော သရက်ကင်းလှေကားဆောင်များကို တူးဖော်တွေ့ရှိထားပါကြောင်း ကနဦးလေ့လာတွေ့ရှိချက်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဗိသုကာပညာရှင် ဦးဝင်းဇော်နှင့်အဖွဲ့တို့က တူးဖော်ဆောင်ရွက်ရာတွင် ရှေးဟောင်းလက်ရာများအား ရှေးမူမပျက်စေရန်နှင့် ထိခိုက်မှုအနည်းဆုံးဖြင့် ဂရုတစိုက်တူးဖော်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း



ပြောကြားပြီးနောက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ရေနန်းတော်ဆောင်အနီးဝန်းကျင် မြေအက်ကွဲနေမှုများ၊ စမ်းသပ်တူးဖော်ခဲ့ရာတွင် အရှေ့ဘက်သရက်ကင်းလှေကား၏ သရက်ကင်းပုံမြောက်ဘက်လက်တံနှင့် ဆင်ကပ်အုတ်ခုံတို့ကို လိုက်လံကြည့်ရှုခဲ့ကြောင်းနှင့် အင်းဝမြို့ဟောင်းအတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းနှင့် လိုအပ်သည်များကို တာဝန်ရှိသူများအား ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**





## ငလျင်ဘေးသင့် ပြည်သူများအား တိုင်းရင်းဆေးဖြင့် အခမဲ့ ကုသပေးနေ

**မန္တလေး ဧပြီ ၁၀**

မန္တလေးငလျင်ဘေးသင့် ပြည်သူများအား မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာများအသင်း (မန္တလေးတိုင်းဒေသကြီး)မှ မြန်မာ့ တိုင်းရင်းဆေးဖြင့် ကုသရေး ဆေးခန်းကိုးခုဖွင့်လှစ်ကာ အခမဲ့ကုသပေးလျက်ရှိသည်။

ဆေးကုသရာတွင် မရွှေလျားကုသမှုများလည်းပါဝင်၍ ဧပြီ ၁၂ ရက်အထိ ဖွင့်လှစ်ကုသပေးမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ပြီးပါကလည်း ဆက်လက်ကုသပေးနိုင်ရန် အစီအစဉ်ရှိကြောင်း မန္တလေးခရိုင်တိုင်းရင်းဆေးမှူး ဒေါ်နွယ်နွယ်ကြည်က ပြောသည်။

"လာရောက်ပြသတဲ့ လူနာတွေကို အခမဲ့ကုသပေးတာပါ။ မြို့ပေါ်မှာ သူ့မြို့နယ်အလိုက် တိုင်းရင်းဆေးခန်းတွေ ဖွင့်လှစ်ကုသပေးနေပါတယ်။ မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးဆရာများအားလုံး ပူးပေါင်းပြီး ဆေးနဲ့လိုအပ်တာတွေကို ဝိုင်းဝန်းပံ့ပိုးတာပါ။ ဆေးခန်းတွေမှာ တစ်ရက်ကို လာရောက်ကုသူတွေ ၆၀ ကျော်လောက်ရှိတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါ အခမဲ့ကုသပေးနေသည့် တိုင်းရင်းဆေးခန်းများကို နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဖွင့်လှစ်ထားပြီး လိုအပ်ပါက အချိန်ပိုပေး၍ ကုသမှုပေး နေသည့်အပြင် ကားနှစ်စီးပေါ်တွင် ဆေးခန်းဖွင့်လှစ်၍ ရွေ့လျားစနစ်ဖြင့် ဒူးနာ၊ ခါးနာနှင့် အခြားရောဂါများကို ကုသပေးနေပြီး ဆေးစည်းပေးခြင်း၊ ကြပ်ထုပ်ထိုးခြင်း စသည့် ကုသနည်းများဖြင့်လည်း ကုသပေးနေ ကြောင်း သိရသည်။

**(အောက်ပုံ)လူသစ်လေး**



## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် (VDP) စီမံကိန်းဆောင်ရွက်ရန် ကျေးရွာရွေးချယ်

**ပုသိမ်ကြီး ဧပြီ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်(VDP)စီမံကိန်းဆောင်ရွက်ရန် ကျေးရွာရွေးချယ်ခြင်း အခမ်းအနားကို ဧပြီ ၉ ရက် နံနက် ၁၀ နာရီက အဆိုပါဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူးလက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုလှိုင်က လုပ်ငန်းစီမံကိန်းအကြောင်း ရှင်းလင်းပြောကြားရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း (VDP) စီမံကိန်းဆောင်ရွက်ရန် ကျေးရွာများထဲမှ ရွေးချယ်ရာတွင် သတ်မှတ်စည်း မျဉ်း၊ စည်းကမ်းများအကြောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်(VDP)စီမံကိန်းအတွက် ကျေးရွာများထဲမှ ကျေးရွာတစ်ရွာအား ရွေးချယ်ကြသည်။

**(အောက်ပုံ)**

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးမြင့်ဦး၊ အဖွဲ့ဝင်(၂)ဦးညွှန့်ဆန်း၊ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ခဲ့ကြောင်း သိရသည်။

**(၀၉၅)**

၀-၀-၀-၀-၀












လေးထပ်ကြီးကျောင်း
Lay Htat Gyi Kyaung


# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း မြို့ပတ်ကမ်းနားလမ်းမကြီးအခြေအနေ၊ မလွန်ရေတွန်းစက်ရုံမှ ရေပေးဝေနိုင်ရေး ရေပိုက်လိုင်းများ ပြုပြင်ခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး





**မန္တလေး ဧပြီ ၁၀**

မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် လမ်းတံတားဌာန၊ ရေနှင့် သန့်ရှင်းမှုဌာနနှင့် အဆောက်အအုံနှင့် ကုန်ရုံဌာနတို့မှ ဌာနမှူးများလိုက်ပါကာ ယနေ့နံနက်ပိုင်းက အမရပူရမြို့နယ် ရှမ်းကလေးကျွန်းနှင့် ရွှေခဲကျေးရွာအကြား မြို့ပတ်ကမ်းနားလမ်းမကြီးတွင် မန္တလေးငလျင်ကြီးကြောင့် ကတ္တရာလမ်း အချို့နေရာများ၌ ကွဲအက်၍ နိမ့်ကျခြင်း၊ လမ်းလယ်ကျွန်းများ ပျက်စီးခြင်း၊ ဘေးနှစ်ဖက်တာပေါင် မြေကြီးများကွဲသွားခြင်းများ ဖြစ်ပေါ်ခဲ့ရာ အဆိုပါ လမ်းပိုင်းအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာန၊ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းတို့ ပူးပေါင်း၍ အမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ လမ်းတံတားဌာန ဌာနမှူးက ကတ္တရာလမ်း နှစ်လမ်းသွား တစ်ဖက်လျှင် အရှည်ပေ (၉၇၀၀)၊ အကျယ် (၂၄)ပေစီရှိ လမ်းပိုင်း (၂)လမ်း၊ လမ်းလယ်ကျွန်း (Road Curb) ၂ဖက် စုစုပေါင်း အရှည်ပေ (၈၁၀၀)၊ ဘေး ဝဲ၊ ယာ တာပေါင်နှစ်ဖက်စုစုပေါင်း အရှည်ပေ (၉၇၈၀)၊ အကျယ် (၁၆)ပေခန့်စီကွဲအက်ပျက်စီးမှုများအား စက်ယန္တရားကြီးများ အသုံးပြု၍ ကျောက်ပျက်နှင့် သဲရောနှော သိပ်သည်းကျစ်လျစ်မှုရှိအောင် နင်းကြိတ်ခြင်းလုပ်ငန်း (၇၉)ရာခိုင်နှုန်း ပြီးစီးမှုအခြေအနေအား ရှင်းလင်းတင်ပြသည်။

မြို့တော်ဝန်က ကမ်းနားလမ်းမကြီးအသုံးပြုသွားလာလျက်ရှိကြသော မော်တော်ယာဉ်များ နှစ်လမ်းသွားအန္တရာယ်ကင်းရှင်းအောင် မောင်းနှင်နိုင်ရန် အမြန်ဆုံးပြန်လည် ပြုပြင်ပေးလျက်ရှိရာ လမ်းလုပ်ငန်းများအား စနစ်တကျနှင့် သတ်မှတ်စံချိန်များ ပြည့်မီအောင် ဆောင်ရွက်ပေးကြရန် တာဝန်ခံအင်ဂျင်နီယာများအား မှာကြားပြီး လမ်းပိုင်းပြုပြင်မှုလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် အဖွဲ့သည် မန္တလေးမြို့အား အဓိက ရေပေးဝေလျက်ရှိသည့် မလွန်ရေတွန်းစက်ရုံသို့ ကမ်းနားလမ်းစက်ရေတွင်းများမှ ရေအရင်းအမြစ်များ ပို့လွှတ်သည့် ရေပို့ပိုက်လိုင်းကြီး (၃)လိုင်းတွင် နေရာ (၁၁)နေရာ၌ ငလျင်ဒဏ်ကြောင့် ပိုက်ဆက်နေရာများ ပြုတ်ထွက်ခြင်း၊ ပေါက်ထွက်ခြင်းများဖြစ်ပေါ်ခဲ့ရာ ရေနှင့် သန့်ရှင်းမှုဌာနမှ အမြန်ဆုံးရေပေးဝေနိုင်ရေးအတွက် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို အောင်မြေသာစံမြို့နယ် ၂၈(c)လမ်းနှင့် အောက်ကမ်းနားလမ်းဆုံ(ချမ်းသာရတံတား)အနီး၌ ကြည့်ရှုစစ်ဆေးရာ ရေနှင့် သန့်ရှင်းမှုဌာန ဌာနမှူးက ပိုက်လိုင်းများ ပြန်လည်ဆက်သွယ်ပြုပြင်ခြင်းလုပ်ငန်းများ ပြီးစီးသွားပြီဖြစ်၍ မလွန်ရေတွန်း စက်ရုံသို့ ရေပို့လွှတ်မည့်အစီအစဉ်များနှင့် ကျန်ရေတွန်းစက်ရုံအသီးသီး နေ့စဉ်ရေပို့လွှတ်နေမှုများကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က မြို့နေလူထု ရေလုံလောက်စွာ ရရှိရေးအတွက် စက်များ ကြံ့ခိုင်မှုရှိအောင် စဉ်ဆက်မပြတ်ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀

၀-၀-၀-၀-၀



စစ်တက္ကသိုလ်အမှတ်စဉ်(၃၉)ကျောင်းဆင်းအရာရှိများမှ ငလျင်ဘေးသင့်ဝန်ထမ်းများအတွက် အလှူငွေကျပ်(၁၅)သိန်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။ (မန္တလေးနေ့စဉ်-၃)



မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၇၃လမ်းနှင့် ၉လမ်းထောင့်နေ ကိုအောင်နိုင်ဆွေ မိသားစုတို့က ငလျင်ဘေးသင့်အဆောက်အအုံများ ဖယ်ရှားရာတွင် စက်ယန္တရားများ အသုံးပြု နိုင်ရန်အတွက် ဒီဇယ်ဆီ ဂါလန် ၁၀၀ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (မန္တလေးနေ့စဉ်-၃)

## စားသုံးဆီများ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

**ဆင်ပေါင်ဝဲ ဧပြီ ၁၀**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် ဌာနဆိုင်ရာဝန်ထမ်းများနှင့် အမှတ်(၁)ရပ်ကွက်အတွင်းရှိ ပြည်သူများအား စားသုံးဆီကို ပြင်ပပေါက်ဈေးထက် ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရန်အတွက် ဧပြီ ၉ ရက် နံနက် ၈ နာရီက မြို့မဈေးအပြင်ရှိ မိဘဂုဏ်ဆီစက်နှင့် သီးနှံစုံရောင်းဝယ်ရေးကုန်စုံဆိုင်၌ ရောင်းချပေးလျက်ရှိသည်။

အဆိုပါ စားသုံးဆီများ ရောင်းချရာတွင် လူတစ်ဦးလျှင် စားသုံးဆီ တစ်ပိဿာကို ငွေကျပ် ၇၈၀၀ နှုန်းဖြင့် ရောင်းချပေးခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ပူးပေါင်းကြီးကြပ်၍ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**(ယာပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

၀-၀-၀-၀

၀-၀-၀-၀-၀



ပန်းမန်သစ်ပင်
လေသန့်စင်၍
ဥယျာဉ်
တောတန်း
စိတ်ရွှင်လန်း၏။

## ဗြိတိန်တော်ဝင်မိသားစုခေါင်းဆောင် ချားလ်စ်ဘုရင် အီတလီပါလီမန်၏ ပူးတွဲအစည်းအဝေးတွင် မိန့်ခွန်းပြောကြား



**ရောမ မေ ၁၀**

ဗြိတိန်တော်ဝင်မိသားစုခေါင်းဆောင် ချားလ်စ် ဘုရင်သည် ၂၀၂၅ ခုနှစ်အတွင်း သူ၏ ပထမဆုံးနိုင်ငံခြားခရီးစဉ်အဖြစ် အီတလီနိုင်ငံသို့ ယမန်နေ့က ရောက်ရှိလာပြီး အီတလီပါလီမန်၏ ပူးတွဲအစည်းအဝေးသို့ မိန့်ခွန်းပြောကြားသည့် ပထမဆုံးသော ဗြိတိသျှ ဘုရင်ဖြစ်လာတော့မည်ဟု စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဘုရင်နှင့် ကမီလာ မိဖုရားတို့သည် အီတလီနိုင်ငံ ရောမမြို့တော်သို့ ရောက်ရှိလာကာ လေးရက်ကြာ နိုင်ငံတော်ခရီးစဉ်ကို စတင်ခဲ့ပြီး ထိုခရီးစဉ်သည် သူတို့၏ အိမ်ထောင်သက် ၂၀ ပြည့် အထိမ်းအမှတ်နှင့် တိုက်ဆိုင်နေခဲ့သည်။


ယင်းခရီးစဉ်သည် ချားလ်စ်ဘုရင်၏ အီတလီသို့ ၁၇ ကြိမ်မြောက် တရားဝင်ခရီးစဉ်ဖြစ်ပြီး ကင်ဆာကုသမှု၏ ဘေးထွက်ဆိုးကျိုးများကြောင့် ဆေးရုံတက်ခဲ့ရပြီးနောက် ပထမဆုံးအကြီးစားခရီးစဉ်လည်းဖြစ်သည်။

ခရီးစဉ်၏ ပထမနေ့တွင် ဘုရင်သည် အီတလီသမ္မတ ဆာဂျီယို မတ်တာရဲလာနှင့် သမ္မတအိမ်တော်တွင် တွေ့ဆုံခဲ့ပြီးနောက် ရောမမြို့လယ်ရှိ ကြီးကျယ်ခမ်းနားသော ဗစ်တာအီမန်နျူးအယ်လ် (၂)အထိမ်းအမှတ်အဆောက်အအုံသို့ သွားရောက်ခဲ့သည်။

ထိုအဆောက်အအုံသည် အီတလီနိုင်ငံတစ်ခုတည်းအဖြစ် စည်းလုံးခဲ့သော ဘုရင်အား ဂုဏ်ပြု တည်ဆောက်ထားခြင်းဖြစ်သည်။ ထိုနေရာတွင် ချားလ်စ်ဘုရင်သည် အီတလီ၏ အမည်မသိစစ်သားဂူဗိမာန်တွင် ပန်းခွေချပူဇော်ခဲ့ပြီး အီတလီလေတပ်၏ ဖရက်ချီထရီကိုလိုရီ လေယာဉ်ပျံအဖွဲ့နှင့် ဗြိတိသျှလေတပ်၏ ရက်အာရိုးစ်တို့၏ ပူးတွဲလေယာဉ်ပျံဖြတ်သန်းဂုဏ်ပြုမှုကို ခံယူခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0




## သုံးရက်ကြာ နှစ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်အတွက် တရုတ်သမ္မတ ရှီကျင့်ဖျင် မလေးရှားသို့သွားရောက်မည်

**ကွာလာလမ်ပူ မေ ၁၀**

သုံးရက်ကြာ ချစ်ကြည်ရေးခရီးစဉ်အတွက် တရုတ်သမ္မတ ရှီကျင့်ဖျင်ရောက်ရှိလာမည်ဖြစ်သည်ဟု မလေးရှားအစိုးရက မေ ၉ရက်တွင် ထုတ်ပြန်ကြေညာကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုမှ ချမှတ်ထားသော အခွန်များကို နှစ်နိုင်ငံရင်ဆိုင်နေရစဉ် ၎င်း၏ ချစ်ကြည်ရေး အလည်အပတ်ခရီးကိုစီစဉ်ခဲ့ခြင်းဖြစ်သည်။

ယင်းတရားဝင်ခရီးစဉ်သည် မေ ၁၅ မှ ၁၇ ရက်အထိ ကြာမြင့်မည်ဟု မလေးရှားဆက်သွယ်ရေးဝန်ကြီးဖာမီဖာဇီလ်က အတည်ပြုသည်။

တရုတ်နိုင်ငံအပါအဝင် နိုင်ငံအသီးသီးနှင့် ပိုမိုကောင်းမွန်သော ကုန်သွယ်ရေးဆက်ဆံမှုများကို လုပ်ဆောင်နိုင်စေရန်အတွက် ရည်ရွယ်ကြောင်း ဖာမီက သတင်းထောက်များအား ပြောကြားသည်။

ရှီ၏ခရီးစဉ်သည် ဝန်ကြီးချုပ် အန်ဝါအီဘ်ရာဟင်မ် ရာထူးစတင်တာဝန်ယူပြီးနောက် မလေးရှားသို့ ပထမဆုံးအကြိမ် လာရောက်ခြင်းဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် လွန်ခဲ့သော နိုဝင်ဘာလက ပေကျင်းတွင် တွေ့ဆုံခဲ့ကြသည်။

တရုတ်သမ္မတသည် ဗီယက်နမ်နှင့် ကမ္ဘောဒီးယားသို့လည်း ဒေသတွင်းခရီးစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။

**Mon**

## အမေရိကန်အခွန်နှုန်း တိုးမြှင့်မှုခံရသောနိုင်ငံများထဲ၌ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားတို့ပါဝင်လျက်ရှိ

**ဟနွိုင်း မေ ၁၀**

အမေရိကန်က သက်ရောက်စေသည့် အခွန်နှုန်းတိုးမြှင့်မှုများအနက် အမြင့်ဆုံးဖြစ်သော ၄၆ ရာခိုင်နှုန်းနှင့် ၄၉ ရာခိုင်နှုန်း အသီးသီးခံနေရသည့်နိုင်ငံများစာရင်းတွင် ဗီယက်နမ်နှင့် ကမ္ဘောဒီးယားတို့ပါဝင်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ထိုင်း (၃၆ရာခိုင်နှုန်း)၊ အင်ဒိုနီးရှား(၃၂ရာခိုင်နှုန်း)နှင့် မလေးရှား (၂၄ရာခိုင်နှုန်း)တို့ရှိသည်။ ဖိလစ်ပိုင်သည်(၁၇ ရာခိုင်နှုန်း)၊ စင်ကာပူမှာ (၁၀ ရာခိုင်နှုန်း)အခွန်သက်ရောက် မည်ဟုဆိုသည်။

အမေရိကန်တင်ပို့မှုအပေါ် အလွန်မှီခိုနေရသောဒေသများအတွက် ကြီးမားသည့်ဒဏ်ရာဖြစ်သည်။ ထိုဒေသများတွင် အထူးသဖြင့် အမေရိကန်သို့ ကုန်ပစ္စည်းများ အောင်မြင်စွာတင်ပို့နိုင်မှုကြောင့် လွန်ခဲ့သောဆယ်စုနှစ်သုံးခုအတွင်း စီးပွားရေးဖြစ်ထွန်းတိုးတက်လာခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ်၏ ဂျီဒီပီ ၃၀ ရာခိုင်နှုန်းခန့်နှင့် ကမ္ဘောဒီးယား၏ ၂၅ ရာခိုင်နှုန်းခန့်မှာ အမေရိကန်သို့ တင်ပို့မှုများမှ ရရှိခဲ့သည်။

ဝါရှင်တန်မှ ချမှတ်နေသည့် အပြစ်ပေးသည့် အစီအမံများကြောင့် ယခုအခါထိုတိုးတက်မှုဇာတ်လမ်းသည် အန္တရာယ်နှင့် ရင်ဆိုင်နေရသည်။

ယင်းအခွန်များ ဆက်ရှိနေမည်ဆိုပါက ရေရှည်အကျိုးသက်ရောက်မှုများ ကွဲပြားနိုင်သော်လည်း အထူးသဖြင့် ဗီယက်နမ်၊ ထိုင်းနှင့် ကမ္ဘောဒီးယားအစိုးရများအတွက် ကြီးမားသော စိန်ခေါ်မှုများ ဖြစ်လာစေမည်မှာ သေချာကြောင်း သိရသည်။

**Mon**

INTERNATIONAL NEWS

နိုင်ငံတကာသတင်းများ




## တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ သက်ကြီးရိပ်မြုံတစ်ခုတွင် မီးလောင်မှုဖြစ်ပွား လူနှစ်ဆယ်ဦးထက်မနည်းသေဆုံး

**ပေကျင်း မေ ၁၀**

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ သက်ကြီးရိပ်မြုံတစ်ခုတွင် ယမန်နေ့က မီးလောင်မှုဖြစ်ပွားပြီး လူနှစ်ဆယ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဟေဘေးပြည်နယ် ချန်ဒဲမြို့တွင် ညပိုင်း၌ဖြစ်ပွားခဲ့သည့် အဆိုပါမီးလောင်မှုကို မီးသတ်တပ်ဖွဲ့ဝင်များက ၂ နာရီခန့်အတွင်း ငြိမ်းသတ်နိုင်ခဲ့သည်။

အသေးစိတ်အချက်အလက်များကိုမူ ချက်ချင်းမသိရှိရသေးသဖြင့် အာဏာပိုင်များက မီးလောင်မှုအကြောင်းရင်းကို စုံစမ်းစစ်ဆေးနေပြီး ထိုသက်ကြီးရိပ်မြုံမှ တာဝန်ရှိသူတစ်ဦးကို ဖမ်းဆီးထိန်းသိမ်းထားသည်။

နောက်ဆုံးသတင်းများအရ လူ ၁၉ ဦး အသက်ရှင်ကျန်ရစ်ခဲ့ရာ ၎င်းတို့ကို ဆေးရုံသို့တင်ပြီး နောက်စောင့်ကြည့်ကုသပေးနေကြောင်း သိရသည်။ **Mon**



ဂရိနိုင်ငံ အေသင်မြို့တော်တွင် မေ ၄ ရက်က လူပေါင်းထောင်နှင့်ချီ၍ စုဝေးကာ လစာတိုးမြှင့်ခံစားခွင့်ရရှိရေးအတွက် တောင်းဆိုနေကြစဉ်။

## ၁၀ ရာခိုင်နှုန်း အကောက်ခွန်သာ ကောက်ခံမည်ဟု ထရမ့်ပြောပြီးနောက် အမေရိကန်ရှယ်ယာဈေးနှုန်း ပြန်လည်မြင့်တက်လာ

**ဝါရှင်တန် မေ ၁၀**

အခြားနိုင်ငံအများအပြားမှ ကုန်ပစ္စည်းများအတွက် သတ်မှတ်ထားသော မြင့်မားသည့် အကောက်ခွန်များကို ယာယီရပ်ဆိုင်းမည်ဖြစ်ပြီး ဝယ်ယူမှုအပေါ် ၁၀ ရာခိုင်နှုန်းအကောက်ခွန်သာ ကောက်ခံမည်ဟု သမ္မတဒေါ်နယ်လ်ထရမ့်က ပြောကြားခဲ့ပြီးနောက် အမေရိကန်ရှယ်ယာ ဈေးနှုန်းများ ပြန်လည်မြင့်တက်လာခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

စီးပွားရေးညှိနှိုင်းမှုများအတွက် သဘောတူညီမှုရရှိထားသည့် ကုန်သွယ်ဖက်နိုင်ငံများအား မြင့်မားသော အကောက်ခွန်များ ကောက်ခံရန်ရပ်ဆိုင်းသွားမည်ဟု အိမ်ဖြူတော်က ထုတ်ပြန်ကြေညာခဲ့သော်လည်း တရုတ်နိုင်ငံမှ ကုန်ပစ္စည်းများအတွက် အကောက်ခွန်ချက်ချင်းအသက်ဝင်စေရန် အနည်းဆုံး ၁၂၅ ရာခိုင်နှုန်းအထိ ပိုမိုမြှင့်တင်မည်ဟု ထရမ့်က ပြောကြားသည်။

အကောက်ခွန်များကြောင့် ဖြစ်ပေါ်ခဲ့သည့် ရက်အနည်းငယ်ကြာ ဈေးကွက်အရှုပ်အထွေးများနောက်ပိုင်းတွင် အက်စ်အင်န်ပီ ၅၀၀ အညွှန်းကိန်းသည် ၂၀၀၈ ခုနှစ်နောက်ပိုင်း အကြီးမားဆုံး ပမာဏအဖြစ် တစ်ရက်အတွင်း ၉ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

နောက်ဆုံးအကောက်ခွန်အသစ်များ စတင်အသက်ဝင်ပြီး ၂၄ နာရီအတွင်း ထရမ့်၏ ဆုံးဖြတ်ချက်ထွက်ပေါ်လာခဲ့ရာ၊ ဗီယက်နမ်ကဲ့သို့သော အဓိကကုန်သွယ်ဖက်နိုင်ငံများတွင် ဝယ်ယူမှုများအတွက် ၄၆ ရာခိုင်နှုန်းအထိ အကောက်ခွန်သစ်များ ကျင့်သုံးခံရသည်။

သမ္မတက ပြီးခဲ့သည့် အပတ်က ကြေညာခဲ့သည့် အကောက်ခွန်များသည် ဝေါလ်စထရိတ်ရှိ များစွာသောလူများ မျှော်မှန်းထားသည်ထက် ပိုမိုမြင့်မားပြီး သက်ရောက်မှုလည်း ပိုကျယ်ပြန့်ခဲ့သည်။

ထိုကြေညာချက်အပြီးတွင် အက်စ်အင်န်ပီအညွှန်းကိန်း ၁၀ ရာခိုင်နှုန်းကျော် ထိုးကျသွားခဲ့ပြီး များစွာသော ဆန်းစစ်သူများက အမေရိကန်နှင့် ကမ္ဘာတစ်ဝှမ်းတွင် စီးပွားရေးကျဆင်းမှုအန္တရာယ်မြင့်တက်လာနိုင်သည်ဟု သတိပေးနေကြောင်း သိရသည်။ **Mon**



STOP AIDS






## ဘာမင်ဂမ်စီးတီးအသင်း ချန်ပီယံရှစ်သို့ ပြန်လည်တန်းတက်ခွင့်ရ

**လန်ဒန် ဧပြီ ၁၀**

လိဂ်ဝမ်းကလပ် ဘာမင်ဂမ်စီးတီးအသင်းသည် လာမည့် ဘောလုံး ရာသီတွင် ချန်ပီယံရှစ်သို့ ပြန်လည်တန်းတက်ခွင့်ရခဲ့သည်။

ဘာမင်ဂမ်အသင်းသည် လိဂ်ဝမ်းပြိုင်ပွဲ ပွဲ ၄၀ ကစားအပြီးတွင် ရမှတ် ၉၅မှတ် ရရှိထားပြီး ပြိုင်ပွဲပြီးဆုံးရန် ၆ပွဲအလိုမှာပင် ချန်ပီယံရှစ်သို့ တန်းတက်ခွင့်ရခဲ့သည်။

ဘာမင်ဂမ်အသင်း ချန်ပီယံရှစ်သို့ ပြန်လည်တန်းတက်ခွင့်ရပြီးနောက် အသင်းပရိသတ်များကလည်း တစ်ခဲနက် အောင်ပွဲခံခဲ့ကြသည်။

ဘာမင်ဂမ်အသင်း ထုတ်ပြန်ချက်တွင် ချန်ပီယံရှစ်သို့ ပြန်လည်တန်းတက်ခွင့်ရလို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အသင်းအတွက် အကောင်းဆုံးစွမ်းဆောင်ပေးခဲ့တဲ့ အသင်းနည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေ အားလုံးကို အထူးကျေးဇူးတင်ပါတယ်ဟု ထုတ်ပြန်သည်။

**(အပေါ်ခဲပုံ) (NGB)**

## နည်းပြ ဖေဘီယိုကန်နဗာရိုးအား နည်းပြရာထူးမှ ဒိုင်နမိုဇာဂရက်အသင်း ထုတ်ပယ်

**လန်ဒန် ဧပြီ ၁၀**

ခရိုအေးရှားကလပ် ဒိုင်နမို ဇာဂရက်အသင်းသည် နည်းပြ ဖေဘီယိုကန်နဗာရိုးအား အသင်း နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ဒိုင်နမိုဇာဂရက်အသင်းအား ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၉ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၁၄ပွဲတွင် ၇ ပွဲနိုင်၊ ၂ ပွဲ သရေ၊ ၅ ပွဲ ရှုံး ရလဒ်ပိုင်ဆိုင်ထားပြီး ရလဒ်များ ထင်သလောက်ကောင်းမွန်ခြင်း မရှိသောကြောင့် နည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရခြင်း ဖြစ်သည်။



ဒိုင်နမိုဇာဂရက်အသင်း ထုတ်ပြန်ချက်တွင် "နည်းပြ ဖေဘီယိုကန်နဗာရိုးအား နည်းပြရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံး ရှာဖွေခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်သည်။

**(အောက်ပုံ) (NGB)**

## 2025 Rolex Monte-Carlo Masters တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ Andrey Rublev တက်ရောက်

**မိုနာကို ဧပြီ ၁၀**

ပြင်သစ်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Rolex Monte-Carlo Masters တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ ရုရှားတင်းနစ်ကစားသမား Andrey Rublev တက်ရောက်ခဲ့သည်။

အဆိုပါရုရှားတင်းနစ်ကစားသမား Andrey Rublev သည် 2025 Rolex Monte-Carlo Masters တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် အိမ်ရှင် ပြင်သစ်တင်းနစ်ကစားသမား Gael Monfils အား ၆-၄၊ ၇-၆ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 Rolex Monte-Carlo Masters တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် ရုရှားတင်းနစ်ကစားသမား Andrey Rublev နှင့် ပြင်သစ်တင်းနစ်ကစားသမား Arthur Fils တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

**(အောက်ပုံ) (NGB)**



## ဒီဂီယာ ဖီအိုရင်တီးနားအသင်းနှင့် စာချုပ်သက်တမ်းတိုးမည်



**တူရင် ဧပြီ ၁၀**

စီးရီးအေကလပ် ဖီအိုရင်တီးနားအသင်းသည် အသင်းဂိုးသမား ဒီဂီယာအား စာချုပ်သက်တမ်းတိုးသွားမည် ဖြစ်သည်။

အသက်(၃၄)နှစ်အရွယ်ရှိ ဂိုးသမားသည် ဖီအိုရင်တီးနားအသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ပွဲ ၃၀ ကစားပြီး အကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမည် ဖြစ်သည်။

ဖီအိုရင်တီးနား အသင်း ထုတ်ပြန်ချက်တွင် "ဒီဂီယာအား သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမှာပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာပျော်ရွှင်နေပါတယ်။ သူဟာ အသင်းအတွက် ဂိုးသမား ကောင်းတစ်ယောက်ပါ"ဟု ထုတ်ပြန်သည်။

**(အပေါ်ခဲပုံ) (NGB)**



## ၂၀၂၅ ခုနှစ်အတွင်း ဘာစီလိုနာအသင်း ပြိုင်ပွဲစုံ ရှုံးပွဲမရှိသေး

**ဘာစီလိုနာ ဧပြီ ၁၀**

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းသည် ၂၀၂၅ ခုနှစ်အတွင်း ပြိုင်ပွဲစုံ ရှုံးပွဲမရှိသေးသည့် စံချိန်မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

ဘာစီလိုနာအသင်းသည် ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပထမအကျော့ပွဲစဉ်တွင် ဒေါ့မွန်အသင်းအား လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ယခုလိုမှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

ဘာစီလိုနာအသင်းသည် ၂၀၂၅ခုနှစ်အတွင်း ကစားခဲ့သည့် ပြိုင်ပွဲစုံ ၂၃ ပွဲတွင် ၁၉ ပွဲ နိုင် ၄ ပွဲ သရေ ရလဒ်ပိုင်ဆိုင်ခဲ့သည်။

နည်းပြ ဟန်ဆီဖလစ်က "အခုလိုအသင်းအနေနဲ့ မှတ်တမ်းကောင်း တစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိဂုဏ်ယူမိပါတယ်။ နောက်လာမည့် ပွဲစဉ်တွေမှာလည်း ယခုလို နိုင်ပွဲတွေ ရရှိအောင်ကြိုးစားပြီး ချန်ပီယံလိဂ် ချန်ပီယံဆုကြီး ရယူသိမ်းပိုက်သွားမှာပါ"ဟု ပြောသည်။

**(အပေါ်ပုံ) (NGB)**

### ဘွန်ဒက်လီဂါဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၉)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၂-၄-၂၀၂၅ စနေနေ့ | နံနက် ၀၁း၀၀နာရီ | ဝုဗ်ဘတ် - လိုက်ပဇစ် |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၂)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၂-၄-၂၀၂၅ စနေနေ့ | နံနက် ၀၁း၁၅နာရီ | အူဒီးနီစ် - အေစီမီလန် |

### စပိန် လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၁)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၂-၄-၂၀၂၅ စနေနေ့ | နံနက် ၀၁း၃၀နာရီ | ဗလင်စီယာ - ဆီဗီလာ |

### ပြင်သစ်လီဂူးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၉)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၂-၄-၂၀၂၅ စနေနေ့ | နံနက် ၀၁း၁၅နာရီ | လန်းစ် - ရိမ်းစ် |

### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၄၂)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၂-၄-၂၀၂၅ စနေနေ့ | နံနက် ၀၁း၁၅နာရီ | ဘန်လေ - နော့ဝစ်ချ် |

## ဝေါ်လ်ကား တံတောင်အရိုးအက်ဒဏ်ရာ ခွဲစိတ်ကုသမှု ခံယူထားမှုကြောင့် ကာလရှည်အနားယူရဖွယ်ရှိ

**မီလန် ဧပြီ ၁၀**

အေစီမီလန်အသင်း နောက်ခံကစားသမား ဝေါ်လ်ကား တံတောင်အရိုးအက်ဒဏ်ရာ ခွဲစိတ်ကုသမှု ခံယူထားမှုကြောင့် ကာလရှည် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ နောက်ခံကစားသမားသည် အေစီမီလန်အသင်းနှင့် ဖီအိုရင်တီးနားအသင်းတို့ တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

နောက်ခံကစားသမား ဝေါ်လ်ကား ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အေစီမီလန် အသင်းအတွက်လည်း ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၃၄)နှစ်အရွယ်ရှိ နောက်ခံကစားသမား ဝေါ်လ်ကားသည် ယခုနှစ်ဘောလုံးရာသီတွင် မန်ချက်စတာစီးတီးအသင်းမှ အေစီမီလန်အသင်းသို့ အငှားဖြင့် ပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲစုံ ၁၂ ပွဲကစားကာ ခြေစွမ်းပြထားသည်။

**(ယာပုံ)**
**(NGB)**



0 - 0 - 0 - 0 - 0 - 0 - 0

## အီသန်နဝမ်နရီအား ကာလရှည်စာချုပ် ချုပ်ဆိုရန် အာဆင်နယ်အသင်း ဆွေးနွေး



**လန်ဒန် ဧပြီ ၁၀**

အာဆင်နယ်အသင်းသည် အသင်း ကွင်းလယ်တိုက်စစ်ကစားသမား အီသန်နဝမ်နရီအား ကာလရှည်စာချုပ် ချုပ်ဆိုရန် ဆွေးနွေးလျက်ရှိသည်။

အသက်(၁၈)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် အာဆင်နယ်အသင်းက စာချုပ်ချုပ်ဆိုရန် ဆွေးနွေးလာခြင်း ဖြစ်သည်။

ကွင်းလယ်တိုက်စစ်ကစားသမား အီသန်နဝမ်နရီသည် အာဆင်နယ်အသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၁ ပွဲ ကစားပြီး ၈ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အာဆင်နယ်အသင်း ထုတ်ပြန်ချက်တွင် "အီသန်နဝမ်နရီအား ကာလရှည်စာချုပ် သက်တမ်းတိုးဖို့ ဆွေးနွေးနေပါပြီ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ"ဟု ထုတ်ပြန်သည်။ **(ခဲပုံ) (NGB)**

# နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ခဲ့ပြီး ဆေးကုသမှုခံယူနေသည့် လူနာများနှင့် ဒေသခံပြည်သူများအား ကြည့်ရှုအားပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် ဧပြီ ၁၀**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ဧပြီ ၈ ရက် နံနက်ပိုင်းက မန္တလေးလျှင်ကြီး ကြောင့် ထိခိုက်ခဲ့သည့် ဇေယျာသီရိမြို့နယ်မှ ဆေးကုသမှု ခံယူနေသည့် လူနာများနှင့် ပုဗ္ဗသီရိမြို့နယ်မှ ဒေသခံပြည်သူများအား ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။



ရှေးဦးစွာ နေပြည်တော်ကောင်စီဝင်ဦးမြင့်စိုးသည် ဇေယျာသီရိမြို့နယ် ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး လျှင်ဘေးဒဏ်ကြောင့် ထိခိုက်ခဲ့ပြီး ဆေးကုသမှုခံယူနေသည့် လူနာများအား ကြည့်ရှုအားပေးခဲ့ရာ တာဝန်ရှိသူများက ဆေးကုသပေးနေမှု အခြေအနေများနှင့် ပတ်သက်၍ လိုက်လံရှင်းလင်း တင်ပြမှုအပေါ် နေပြည်တော်ကောင်စီဝင်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် ဆေးရုံဝန်ထမ်းများနှင့် ဆေးကုသမှုခံယူနေသည့် လူနာများအား ရေသန့်ဘူး၊ ခေါက်ဆွဲခြောက်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ခဲ့သည့် ပုဗ္ဗသီရိမြို့နယ်၊ အမှတ်(၂၀)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး သင်တန်းကျောင်းတွင် ကူညီဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ရေသန့်ဘူး၊ ခေါက်ဆွဲခြောက်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် မန္တလေးလျှင်ကြီးကြောင့် ပုဗ္ဗသီရိမြို့နယ်၊ ကျည်တောင်ကန်ရပ်ကွက် ဘောလုံးကွင်း၌ ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်၍ နေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများအား ကြည့်ရှုအားပေးပြီး တစ်အိမ်ထောင်သုံး ပစ္စည်းအိတ်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကာ ထိုမှတစ်ဆင့် ပုဗ္ဗသီရိမြို့နယ် ခုတင်(၅၀)ဆံ့ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံမှ ဝန်ထမ်းများအတွက် ခေါက်ဆွဲခြောက်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**အောင်ကို(ပြန်/ဆက်)**

၀-၀-၀-၀

၀-၀-၀-၀-၀

# လျှင်ဘေး အသိပညာပေး Talk Show ဆောင်ရွက်

**သရက် ဧပြီ ၁၀**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့ ပူးပေါင်းတင်ဆက်သည့် လျှင်ဘေး အသိပညာပေး Talk Show ဆောင်ရွက်ခြင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ခရိုင်ပြည်သူ့စာကြည့်တိုက် Community Centre ခန်းမ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ Talk Show ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးငြိမ်းသူနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သူဇာထွန်းတို့က လျှင်ဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ၊ လျှင်လှုပ်နေစဉ် အဆောက်အအုံအတွင်းရှိပါက လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များနှင့် အဆောက်အအုံပြင်ပတွင်ရှိပါက ဆောင်ရွက်ရမည့်အချက်များ၊ လျှင်လှုပ်ခတ်ပြီးနောက် နောက်ဆက်တွဲ ဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သည်တို့ ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**(အောက်ဝဲပုံ)**

**ဇော်ထက်(သရက်)**




# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဧပြီ ၁၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဧပြီ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "KO Thae" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရွာတော်ကုန်းကျေးရွာနေ သန့်ဇင်ဦး (ခ)သဲမောင်အား နံနက် ၉ နာရီ ၂၅ မိနစ်တွင် အင်းတကော်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၄၇ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်

နေပြည်တော် ဧပြီ ၁၀

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများ အားလုံးကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ - ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့်အိန္ဒိယနိုင်ငံသား ၃၂ ဦး၊ ကာဇက်စတန်နိုင်ငံသား လေးဦး၊ ကာဂျစ္စတန်နိုင်ငံသား ရှစ်ဦး၊ ဥဇဘက်ကစ္စတန်နိုင်ငံသား နှစ်ဦးနှင့် ရုရှားနိုင်ငံသား တစ်ဦး စုစုပေါင်း ၄၇ ဦးတို့ကို ယနေ့တွင် မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာ နိုင်ငံများသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင် လွှဲပြောင်းပေးသည်။



အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာတာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ ကောင်စစ်ဝန် H.E Mr. Pranav Ganesh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံ သံရုံးမှ ကောင်စစ်ဝန် Mr. Zhenis Mambetaliyev နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ သံရုံးမှ ကောင်စစ်ဝန် Mr. Nuriddin Mamatkulov နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ရုရှားသံရုံးမှ Police Attache Mr. Dmitry Trushkin နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၈၇၄၀ ကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၇၂၇၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ၁၄၆၁ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီ ဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများအား ခြိမ်းခြောက် ထိခိုက်မှုများရှိလာသည့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှု အပါအဝင် အွန်လိုင်း ဒုစရိုက်မှုမျိုးစုံကို အမျိုးသားရေးအသွင်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းလက်တွဲကာ ထိထိရောက်ရောက် ပြတ်ပြတ်သားသား တိုက်ဖျက်နှိမ်နင်းပြီး ထိန်းသိမ်း လွှဲပြောင်းပေးလျက်ရှိပါကြောင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူအဆင့်ဆင့်တို့ကလည်း အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုအပါအဝင် အွန်လိုင်း ဒုစရိုက်မှုလုပ်ငန်းများ မရှိစေရေး ဖော်ထုတ်ခြင်း၊ အရေးယူခြင်းတို့ကို ပြတ်ပြတ်သားသား ကိုင်တွယ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်နှင့် ဖူကျင့်အသင်းတို့ ပူးပေါင်း တရုတ်နိုင်ငံ ဆေးရုံကြီးများမှ ဆရာဝန်များ ကျန်းမာရေးစစ်ဆေးကုသပေး




**မန္တလေး ဧပြီ ၁၀**

မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်၊ ဖူကျင့်ဗုဒ္ဓဘာသာဘုရားကျောင်းနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ပေကျင်းမြို့ အဆင့်မြင့်ဆေးရုံကြီးများမှ အထူးကု ဆရာဝန်ကြီးများ၊ ဆရာဝန်များ သူနာပြုများ ပါဝင်သော ပရဟိတကယ်ဆယ်ကုသရေးအဖွဲ့သည် ဧပြီ ၉ ရက်မှ ၁၈ ရက်အထိ မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း၃၀၊ ၈၂လမ်းနှင့် ၈၃လမ်းကြားရှိ ဖူကျင့်တရုတ်ဗုဒ္ဓဘာသာဘုရားကျောင်းတွင် မန္တလေးမြို့ ငလျင်ဘေးသင့်ပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးမည် ဖြစ်သည်။

တရုတ်နိုင်ငံမှ ဆရာဝန်ကြီးများသည် အထွေထွေ(နှလုံးသွေးကြော၊ အသက်ရှူလမ်းကြောင်း၊ အစာအိမ်၊အာရုံကြော)ရောဂါများ၊ အရိုး၊ သားဖွားမီးယပ်ဆိုင်ရာရောဂါများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဒဏ်ရာပြုစုကုသခြင်း၊ CT ရိုက်ခြင်း၊ ဓာတ်မှန်ရိုက်ခြင်း၊ ECG ရိုက်ခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ရာ လာရောက်ကုသနိုင်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (၀၄၅)**

## အသက်နှစ်နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံပေး

**ကျောက်ဆည် ဧပြီ ၁၀**

မန္တလေးတိုင်းသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် အသက်နှစ်နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ကာကွယ်ဆေးတိုက်ကျွေးခြင်းကို ယမန်နေ့ နံနက် ၁၁ နာရီက မင်းရပ်ရပ်ကွက်ရှိ ကျောက်စေတီတုန်းကြီးကျောင်းဝန်းအတွင်း၌ မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ခရိုင်ပြည်သူ့ဆေးရုံကြီးနှင့် ရပ်ကွက်၊ကျေးရွာများတွင် ဆေးထိုးစုရပ်များခွဲပြီး အပတ်စဉ် နေ့ရက်များ သတ်မှတ်၍ ပုံမှန်ကာကွယ်ဆေးထိုးခြင်း၊ ဆေးတိုက်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ကာကွယ်ဆေးများကို သတ်မှတ်ထားသောအကြိမ်နှင့် သတ်မှတ်ထားသော အသက်အရွယ်တွင် ဆေးထိုး၊ ဆေးတိုက်ပေးနိုင်မှသာလျှင် ကလေးငယ်များအတွက် အဆုတ်ရောင်ကာကွယ်ဆေး၊ ငါးမျိုးစပ်၊ဆုံဆို့နာရောဂါ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါ(ဘီ)ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ ပြင်းထန်အဆုတ်ရောင်ရောဂါ၊ ပိုလီယိုအကြောသေရောဂါ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါတို့မှ ကာကွယ်ပေးနိုင်မည်ဖြစ်ပြီး ကျန်းမာရေးဝန်ထမ်း ဆရာ၊ဆရာမများက အဖွဲ့များခွဲ၍ မြေပြင်ကွင်းဆင်းကာ ရပ်ကွက်၊ကျေးရွာများရှိ စုရပ်အသီးသီးတွင် ကာကွယ်ဆေးထိုးနှံခြင်း၊ တိုက်ကျွေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**စုစုအေး(ကျောက်ဆည်)**



ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ် ၊ စာပေ လေ့လာစို့ ။




## ပြည်သူ့စာကြည့်တိုက်တွင် သတိပြုကာကွယ် ငလျင်ဘေးအန္တရာယ် အသိပညာပေး Talk Show ကျင်းပ

**တောင်တွင်းကြီး ဧပြီ ၁၀**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် သတိပြုကာကွယ် ငလျင်ဘေးအန္တရာယ်အကြောင်း သိကောင်းစရာ အသိပညာပေး(Talk Show)ကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေး (Talk Show)တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်နှင့် ရပ်သံကျွမ်းကျင်(၃) ဒေါ်မိုင်စန်းသီတာဌေးတို့က ငလျင်ဘေးအတွက် ကြိုတင်ပြင်ဆင်ရန်အချက်များ၊ ငလျင်လှုပ်နေစဉ် လိုက်နာရန် အချက်များ၊ ငလျင်လှုပ်နေစဉ် ရှောင်ရှားသင့်သည့်အချက်များ၊ ငလျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ၊ ငလျင်လှုပ်ပြီးနောက် ရှောင်ရှားသင့်သည့်အချက်များ၊ မြန်မာနိုင်ငံ၏ ငလျင်ဇုန်များအကြောင်းနှင့် ငလျင်ပမာဏ ရစ်ချ်တာစကေးအလိုက် ပြင်းအားများအကြောင်း စသည့်တို့အား အသိပညာပေးဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**နောင်နောင်(မိဿနိုးမြေ)**

*-*-*-*-*-*-*

*-*-*-*

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## နှစ်ဦးပူဇော်ပါ အနန္တငါးဖြာ

* သက္ကရာဇ်ကူး ၊ ရွှင်မြူးပျော်စေ
ပြည့်စုံစုပေါင်း ၊ ခညောင်းပေါ်ဝေ
မေတ္တာမျှကူး ၊ နှစ်ကူးကိုလေ
ပျော်ရွှင်ခြင်း ၊ စိတ်ရင်းထပ်တူနေ ။

* လူဖြစ်တန်ဖိုး ၊ တည်ရိုးစေမြိုင်
ဉာဏ်နှင့်ယှဉ်ပြု ၊ ကောင်းမှုတည်ခိုင်
ဒါန သီလ ၊ ပြုကြဝေလှိုင်
မြင့်ဂုဏ်နန်း ဆင့်မြန်းပွင့်ဖူးကြိုင် ။

* ဘုရားမိန့်ထား ၊ တရားနာယူ
သံသရာလမ်း ၊ မပန်းမာန်ထူ
သံဃာအမှူ ၊ မှန်ပြုပေးလှူ
နိဗ္ဗာန်ရ ပြည့်ဝလူဖြစ်သူ ။

* ခန္ဓာအိမ်ကြီး ၊ ခရီးချိန်ခါ
မိမာတာမွေး ၊ ဖကျွေးခဲ့တာ
ပညာတံတိုင်း ၊ ခြံသိုင်းဆရာ
ဘဝအတွက် ၊ မှန်းလျက်ဂုဏ်အင်္ဂါ ။

* ဂိုဏ်းဝင်ကျေးဇူး ၊ ဆပ်ဖူးရမည်
အချိန်မျှလေ့ ၊ မမေ့ဦးတည်
လက်ဆယ်ဖြာမိုး ၊ ရှိခိုးဂုဏ်သီ
ပေးဆပ်နစ် လူဖြစ်တန်ဖိုးရည် ။

* လိမ္မာသိတတ် ၊ ကောင်းမြတ်စေရန်
လုပ်ကျွေးပြုစု ၊ ယခုအမှန်
ချမ်းသာကြီးပွား ၊ ဂုဏ်အားဝေစံ
တောင့်တတိုင်း မဆိုင်းပြည့်ရပြန် ။

* ယခုမျက်မှောက် ၊ ချင့်ထောက်မြော်မြင်
ဘုရား တရား ၊ စထားဦးတင်
သံဃာ မိဘ ၊ ဆရာ့ဂုဏ်အင်
ဘဝအဆက် စီးလျက်ရေအလျဉ် ။ ။

**မင်းမြတ်မိုး(မန်းမြေ)**

## မန္တလေးနေ့စဉ်သတင်းစာ ထုတ်ဝေမှု ၈ ရက် ခေတ္တရပ်နားမည်

မန္တလေးနေ့စဉ်သတင်းစာကို မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၅ ခုနှစ် ဧပြီ ၁၃ ရက်(တနင်္ဂနွေနေ့)မှ ဧပြီ ၂၀ ရက် (တနင်္ဂနွေနေ့)ထိ ၈ ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး ဧပြီ ၂၁ ရက် (တနင်္လာနေ့)တွင် ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

# နှစ်ဦးတရားတော်နာ ဖိတ်ကြားလွှာ

၁၃၈၇ခုနှစ်၊ မြန်မာနှစ်ဆန်း(၁)ရက်နေ့ ၁၇-၄-၂၀၂၅ရက်၊ ကြာသပတေးနေ့၊ ညနေ (၅)နာရီအချိန်တွင်

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော

အောင်မြေသာစံမြို့နယ်၊ မဟာအတုလဝေယံ(အတုမရှိ) ကျောင်းတော်ကြီး၌ နှစ်သစ်ကူးတရားပွဲကိုကျင်းပပြုလုပ်မည်ဖြစ်ရာ

မဟာအောင်မြေမြို့နယ်၊ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊

အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ

**ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ** ဆရာတော်ဘုရား မှ နိဗ္ဗာန်ရောက်ကြောင်း တရားရေအေး အမြိုက်ဆေးကို

တိုက်ကျွေးချီးမြှင့်ပေးတော်မူမည်ဖြစ်ပါသဖြင့် တရားတော်နာကြွရောက်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

**နှစ်ဦးတရားပွဲတော်ဖြစ်မြောက်ရေးအဖွဲ့**
**မန္တလေးတိုင်းဒေသကြီး**

## အသိပေး အကြောင်းကြားခြင်း

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် မြေငလျင်ဒဏ်သင့် အဆောက်အအုံများ ဘေးအန္တရာယ်ကင်းရှင်းမှု စစ်ဆေးရေးကော်မတီအား အင်ဂျင်နီယာ(မြို့ပြ) PE အဆင့်ရရှိသူများဖြင့် ဖွဲ့စည်းပြီး လူနေအိမ်များ၊ စာသင်ကျောင်းများ၊ သာသနိကအဆောက်အအုံများ၊ ဝန်ကြီးဌာနရုံး အသီးသီးအား ပြန်လည်နေထိုင် အသုံးပြုခွင့်နှင့်ပတ်သက်၍ သတ်မှတ်ထားရှိပြီးဖြစ်သည့် စစ်ဆေးမှုများပြုလုပ်ပြီး နေထိုင်ခွင့်ကိစ္စအား စိစစ်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

PE ရရှိပြီး မန္တလေးတိုင်းအင်ဂျင်နီယာ(မြို့ပြ)များအနေဖြင့် တင်ပြပါစိစစ်ရေးအဖွဲ့တွင် ပါဝင်ကူညီဆောင်ရွက်နိုင်ရန် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးသို့ အမြန်ဆုံးသတင်းပို့နိုင်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဆောက်တောဝရပ်ကွက်၊ အကွက်အမှတ်(၅၈၀)၊ ဦးပိုင်အမှတ်(၁၈+၅၀/၄+၅၂/၄)၊ ဧရိယာ(၄ ဒသမ ၀၁)ဧက အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ အနောက်ဘက်ခြမ်း ဧရိယာ(၂)ဧကအကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးသက်ထွန်း(ဘ)ဦးရာတောကျင်(ခ)ဦးသက်ကြည်(၉/ခအဇ(နိုင်)၀၀၀၂၁၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေအချို့ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့် ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမျိုးဇော်ဦး (LL.B,D.B.L) ဒေါ်မေစင်စုမွန် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(ဗ-၆/၁၃၅)၊ ကံသာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၇၀၄၃၂၉၊ ၀၉-၄၄၂၀၀၃၉၂၄**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကျေးရွာအုပ်စု၊ ဘူးကုန်းကွက်သစ်၊ ကျွန်းရွှေဝါလမ်းနှင့် အေးမေတ္တာလမ်းကြား၊ သဇင်လမ်းနေ (ဦးအောင်မျိုးလွင်)+ ဒေါ်ဖြိုးဖြိုးသွယ်(၉/လဝန(နိုင်)၀၀၇၃၃၃)တို့၏ သား မောင်ဘုန်းမြင့်ကျော် (၉/အမဇ(နိုင်)၀၅၁၀၃၀)သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ အမျိုးမျိုးစိတ်ဒုက္ခပေးပြီး အိမ်မှထွက်သွားပါသဖြင့် ၎င်းအား အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စအဝဝကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြိုးဖြိုးသွယ်**
**(၉/လဝန(နိုင်)၀၀၇၃၃၃)**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခေ-၂၈)၊ ဦးပိုင်အမှတ်(၁၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ စလစ်မြေကွက်အတွင်းရှိ တောင်ဘက်အစွန်ဆုံး၏မြောက်ဘက်အခြမ်း၊ အရှေ့အနောက်(၄၀)ပေ၊ တောင်မြောက်(၁၅)ပေ အကျယ်အဝန်းရှိသော မြေကွက်ကို ဝယ်ယူပိုင်ဆိုင်ထားသူဟု အဆိုပြုသည့် ဦးဇော်ဇော်အောင်(ဘ)ဦးသန်းစိန်(၉/မဟမ(နိုင်)၀၀၈၅၆၈)ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေက စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများကို ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝေမင်းနိုင် (အထက်တန်းရှေ့နေ)**
LL.B,Diploma in English,DL(101);IP WIPO (Geneva, Switzerland)
**၁၃၃လမ်းနှင့် ၅၄လမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၂၃၀၁၀**



ငလျင်ဘေးသင့်ပြည်သူများအတွက် အယ်လ်ဖာဘိလပ်မြေမိသားစု(ကျောက်ဆည်)နှင့် ကုန်သည်ကြီးများ၏ စုပေါင်းအလှူအဖြစ် ဂွမ်းထုပ်၊ ပတ်တီးလိပ်၊ အရက်ပျံဘူး၊ ခြင်ဆေးဘူး၊ ဓာတ်ဆားထုပ်၊ ပါရာကတ်၊ ဘီတာဒိုင်းအနာကျက်ဆေးဘူးအစုံပါ အထုပ်(၃၀၀)၊ ရေသန့်ဘူး(၂၀၀)နှင့် ဓာတ်ဆားထုပ်(၄၀၀)တို့ကို ကွပ်ကဲရေးရုံးသို့ လာရောက်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။ (မန္တလေးနေ့စဉ်-၃)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ Taihi ဂျပန်ကုမ္ပဏီက ယနေ့ နံနက်ပိုင်းက ရေဆိုးရေညစ်သုံး ဇီဝပျော်ရည် ပုံး ၅ ပုံး လာရောက်လှူဒါန်းရာ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ (မန္တလေးနေ့စဉ်-၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **MNDAA လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့၊ TNLA လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့နှင့် AA လက်နက်ကိုင်အဖွဲ့တို့အား ၂-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်က အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့ပြီးဖြစ်...**

❖ **ထို့ကြောင့် ၎င်းတို့နှင့် ဆက်နွှယ်နေသူများအနေဖြင့်လည်း အကြမ်းဖက်မှုများကို အားပေးနေကြသူများပင်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

---

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရှာဖွေကယ်ဆယ်ရေးနှင့်အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့အား ဂုဏ်ပြုနှုတ်ဆက်ခြင်းအခမ်းအနားသို့ တက်ရောက်ဂုဏ်ပြုအမှာစကားပြောကြား

နေပြည်တော် ဧပြီ ၁၀

မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် ပြင်းထန်ငလျင်နှင့် နောက်ဆက်တွဲငလျင်များကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် မြန်မာနိုင်ငံသို့ အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လာရောက်လုပ်ဆောင်ခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းစဉ်များ ပြီးမြောက်သဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြန်လည်ထွက်ခွာမည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့အား ဂုဏ်ပြုနှုတ်ဆက်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပေါင်းကွင်း၌ ကျင်းပပြုလုပ်ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ

စာမျက်နှာ ၇ သို့ ❖






အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရှာဖွေကယ်ဆယ်ရေးနှင့်အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့အား ဂုဏ်ပြုနှုတ်ဆက်ခြင်းအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

---




## ယူရိုပါလိဂ်ကွာတားဖိုင်နယ်အဆင့် ပထမအကျော့တွင် လိုင်ယွန်နှင့် မန်ယူ၊ စပါးနှင့် ဖရန့်ဖတ်တို့ သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရ

**လန်ဒန် ဧပြီ ၁၀**

ယူရိုပါလိဂ်ကွာတား ဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက လိုင်ယွန်အသင်းနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

လိုင်ယွန်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၂၅မိနစ်တွင် အယ်လ်မာဒါ၊ ပွဲချိန် (၉၀+၅)မိနစ်တွင် ချာကီတို့က အသီးသီး သွင်းယူပေးခဲ့သည်။ မန်ယူအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကိုမူ ပွဲချိန်(၄၅+၅)မိနစ်တွင် ယိုဟို၊ ပွဲချိန် ၈၈မိနစ်တွင် ဇက်ဇီးတို့က အသီးသီးသွင်းယူပေးခဲ့သည်။

ဆက်လက်၍ စပါးအသင်းနှင့် ဖရန့်ဖတ်အသင်းတို့ ပွဲစဉ်တွင်လည်း တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့်သာ ပွဲစဉ်ပြီးဆုံးခဲ့သည်။ စပါးအသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုမူ ပီဒရိုပေါ်ရိုက သွင်းယူပေးခဲ့ပြီး ဖရန့်ဖတ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုမူ အီကီတီတီက သွင်းယူပေးခဲ့သည်။

ယူရိုပါလိဂ်ကွာတား ဖိုင်နယ်အဆင့် ဒုတိယအကျော့ပွဲစဉ်အား လာမည့် ဧပြီ ၁၈ရက်တွင် ထပ်မံယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

(NGB)